69

လဇ္ဇီပေသလ။သိက္ခာကာမ။ပရိယတ္တိဝိသာရဒ။ဂန္ထန္တရ
ဗဟုဿုတ။ခန္တီသောရစ္စ။စသည်လောက်လုံ။
ထိုထိုဂုဏ်တို့ဖြင့်။ထုံတော်မူအပ်သော
ဟင်္သာတမြို့ဘုရားကြီးဆရာတော်၏
ဘုရား၏တပည့်ကြီး။ထံနီးမြဲစွဲ။
စာပွဲသဘင်။ပျော်ရွှင်
ကျင်းပလျက်။ပို့ချသိတင်းသုံးနေတော်မူသော။
စာရိန္ဒထေရ်ရှင်။ စီရင်ဆုံးဖြတ်။
ရေးသားအပ်သော

# အမတမဂ္ဂနိဒ္ဒေသစာတမ်း။

ဟင်္သာတမြို့ကျောင်းဆိပ်ရပ်နေ။သိမ်ကြီးတကာ ဦးစံကြီး၊
သိမ်ကြီးအမ-မအောင်တို့၏သမီး။မသီလကာ။ဓမ္မဒါန
ဖြစ်စေရန်။ရည်သန်တောင့်တလျက်။စက်တင်
ပုံရိုက်လှူဒါန်းဝေငှပါသတည်း။

ရန်ကုန်မြို့။
ဟံသာဝတီသတင်းစာတိုက်။
၁၉၀၄–ခုနှစ်။

## လျှောက်လွှာ။

ဟာသ်ာတမြို့ကျောင်းဆိပ်ရပ်နေ၊ တပည့်။မသိလ။ ရှိသေ ၅ွှာလျှောက်ဝံ့ပါသည်အရှင်သူမြတ်ဘုရား။

တပည့်တော်တို့မှာ။ သံသရာမှထွက်မြောက်၍။ နိဗ္ဗာန်သို့ ရောက်စေတတ်သောတရားတို့ကို။ကြိုးစားမယုတ်။အားထုတ် လိုပါသော်လည်း။နေရာတကျ။တ–န–မသိ။ရှိနေပါ၍။ တပည့် တော်များ မှတ်သားအားထုတ်နိုင်ရန်။ နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သောတရားတို့ကို။ ထုတ်နုတ်ရေးသား။ ပေးသ နားတော်မူပါအရှင်သူမြတ်ဘုရား။

——————

# အမတမဂ္ဂနိဒ္ဒေသစာတမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

နာထံနတွာဝိဒေသေန္တံ၊ ဓမ္မဉ္စသဂဏုတ္တမံ။
ယာစိတောဟံကရိဿာမိ၊ နိဒ္ဒေသံနိပုဏံဝရံ။

သမပါဒ။သတ္တမမြောက်ဋ္ဌလဟုရှိသော
ပိဂ်လဝိပုလာဂါထာ။

အဟံ။ ငါသည်။ ဝိဒေသေန္တံ။ နိဗ္ဗာန်ဘုံနန်း။ ခရီးလမ်းကို။ ဖြောင့်တန်းချွန်ချွန်။ပြညွှန်တော်မူတတ်သော။နာထဉ္စ။ လူနတ်ဗြဟ္မာ။သတ္တဝါတို့။ကိုးကွယ်ရာစစ်။ ဖြစ်တော်မူသောမြတ်စွာဘုရားကို၎င်း။အဿအနေန။ထိုမြတ်စွာဘုရားသည်။ဒေသိတံ။ သာယာချိုငေါ်။ ဟောတော် မူအပ်သော။ အဿဗုဒ္ဓဿ။ ထိုမြတ်စွာဘုရား၏။ ဓမ္မဉ္စ။မဂ်ဖိုလ်လေးတန်။နိဗ္ဗာန်ပရိယတ်။ တရားမြတ်ကို၎င်း။ ဥတ္တမံ။ ကျော်စောထင်ပေါ်။ မြတ်တော်မူထသော။ဂဏဉ္စ။ရှစ်ယောက်အရိယာ။ပေါင်းသင်္ဃာကို၎င်း။နတွာနမာမိ။သုံးလိဒွါရ။ ကရိုဏ်းပြလျက်။ တုပ်ကွရိုကျိုး။ ရှိခိုးပါ၏။ နတွာ။ရှိခိုးပြီး၍။သီလေန။မိဘဆရာ။ရတနာသုံးဦး။ဂုဏ်ကျေးဇူးကို။အထူးမြတ်နိုး။ကိုးကွယ်ဆည်းကပ်။ယုံကြည်တတ်သောအလေ့။ကိုယ်နှုတ်နှလုံး။စောင့်သုံးမြိုးခြံ။မြဲမြံသောါအကျင့်ရှိခြင်းတည်းဟူသောအနုဋ္ဌဟိတ်။ဂုဏ်နိမိတ်ကြောင့်။ ကိတ္တိသဒ္ဒ။မသီလဟု။မဂဓဝေါဟာ။သညာမည်ရ။ဒါယိကာမသည်။ ယာစိ

တော။ရှိသေလေးမြတ်။ တောင်းပန်အပ်သည်ဖြစ်၍။ဝါ။ ယာစိတော ယာစိတတ္တာ။ ရှိသေလေးမြတ်။ တောင်းပန် အပ်သောကြောင့်။ဝါ။ယာစိတော။ရှိသေလေးမြတ်။တောင်းပန်အပ်သော်။အဟံ။ငါသည်။နိပုဏံ။ သိမ်မွေ့ခက်ခဲ။နက်နဲစွာထသော။ ဝရံ။တောင့်တအပ်မြတ်သော။နိဒ္ဒေသံ။မသေရာမှန်။ နိဗ္ဗာန်ဘုံနန်း။ခရီးလမ်းကို။ ဖြောင့်တန်းချွန်ချွန်။ ပြညွန်ရာပြညွန်ကြောင်းဖြစ်ခြင်းကြောင့်အမတမဂ္ဂနိဒ္ဒေသမည်သောစာတမ်းကို။ ကရိဿာမိ။မကျဉ်းမကျယ်။ရှုလွယ်စေ၍။ရေးသားပါအံ့။ ။ဤကား ယောဇနာ။

(ဤဂါထာ၌။ နိဒ္ဒေသံဟူသောပုဒ်ကို။ဖဒံ၌ကဲ့သို့။အမတမဂ္ဂဟူသောရှေးပုဒ်ကျေ။ ။သီလေနကား။ပါဌသေသ။ မာတုဂါမေနဟူသောပုဒ်ကဲ့သို့။သဒ္ဒလိင်သို့လိုက်သည်ဟူ၍မှတ်)။

——o——

သမ္မာသမ္ဗုဒ္ဓ။အနုတ္တရအာဟိန်။သာကိန်သင်းကျစ်။မင်းဆုံးဖြစ်သော။မွေ့ရာဇာ် ထွတ်ထား။ဘုရား မြတ်စွာသည်။ သာဝတ္ထိတောင်စွန်။ ဇေတဝန်သရိက်။ ရွှေကျောင်း တိုက်၌။ ယာပိထ်လေးလီ။မျှညီခန့်ကျန်း။စံမြန်းစံပယ်တော်မူသောအခါ။ အမည်အမျိုး။ အရိုး အနွယ် အားဖြင့် မထင် ရှားသော နတ်သား တယောက်သည်။ရွှေစက်တော်ရင်း။ဝပ်စင်းတုပ်ကွလျက်။ သံသယမကင်း။ ဒွေဠှက ငြောင့် တံသင်းကို။ နှုတ်ပယ် ခြင်းအကျိုး၌။ ။အဇ္ဈတ္တဇဋာဗဟိဇဋာ၊ဇဋာယဇဋိတာပဇာ။ တန္တံဂေါတမပုစ္ဆာမိ၊ ကောဣမံဝိဇဋယေဇဋံ။ ။ဟူသော ဂါထာဖြင့်။ ကောင်းစွာမေးလျှောက်ပေ၏။ ။

ဂေါတမ။ဘုန်းတော်နေမိုး။ ထိန်ထိန်ညီးလှသော။ ရှင်ကြီးဂေါတမ။ ယာဇဋာ။ ခင်မင်တွယ်တာ။ အကြင် တဏှာ ကို။ အဇ္ဈတ္တဇဋာ။ အဇ္ဈတ္တိကာယတနတရားခြောက်ပါးတို့၌။ ဖြစ်ပွါးရစ်ပတ်။မြွေးရှက်တတ်၏ ဟူ၍၎င်း။ဗဟိဇဋာ။ဗာဟိရာယတနတရားခြောက်ပါးတို့၌။ဖြစ်ပွါးရစ်ပတ်။ မြွေးရှက်တတ်၏

ဟူ၍ဖင်း။ဝုတ္တာ။ဆိုအပ်၏။တာယဇနာယ။ထိုသို့ရစ်ပတ်။မြွေး
ရှက်တတ်သောတဏှာသည်။ပဇာ။ သတ္တဝါအပို့။ ဗိုလ်လူအ
ပေါင်းကို။ယသ္မာ။ အကြင်ကြောင့်။ ဇဋိတာ။ ရှေ့လိမ်ရှုပ်ထွေး
မြွေးရှက်တတ်၏။တံတသ္မာ။ထိုကြောင့်။တံ။ဂေါတမန္ဒယ်ဝင်။
အရှင်ဘုရားကို။ပုစ္ဆာမိ။သံသယကင်း။ပြောင့်တံသင်းကို။ နှုတ်
ပယ်ခြင်းငှါ။မေးလျှောက်ပါ၏။ ကော။ အဘယ်ပုဂ္ဂိုလ်သည်။
ဣမံဇဋံ။ ဤတဏှာထွေးရစ်။ ချုံစေးပျစ်ကို။ ဝိဇဋယေ။ ပယ်
ဖျက်သုတ်သင်။ ချုတ်ထွင်သန့်ရှင်းလင်းစေနိုင်ပါအံ့နည်း။ ။
ဤကားယောဇနာ။

လောကဓါတ်လုံး။အမြွတ်ဆုံးဟု။ နှလုံးနှစ်နော။ချီးအံ့ဩရ
သော။ဂေါတမန္ဒယ်တော်ဝင်။ အရှင်ဘုရား။ ဝါးမှဖြစ်၍။စေး
ပျစ်ရှက်ရုံ။ပိတ်ပေါင်းလှုံသော။ဝါးချုံဝါးခက်တို့သည်။ပြင်လွင်
တပါး။မထွက်သွားစေရ။ဝါးကိုရစ်ခြုံ။မြွေးရှက်ကျန်သကဲ့သို့။
သတ္တဝါအပို့။ ဗိုလ်လူခပင်းတို့ကိုလည်း။ စက္ခု၊ သောတ။ စ
သည့်ခြောက်ပါး။အဇ္ဈတ္တိကာယတနတရားတို့၌၎င်း။ ရူပ၊ သဒ္ဒ။
စသည့်ခြောက်ပါး။ ဗာဟိရာယတနတရားတို့၌၎င်း။ ခင်မင်နှစ်
သက်။စုံမက်ရစ်ပတ်။မြွေးရှက်တတ်သောကြောင့်။ အဇ္ဈတ္တဇ
ဋ။ဗဟိဇဋ။အမည်ရသော။ လောဘအာသာ။ တဏှာချုံစေး။
ရှုပ်လိမ်ထွေးသော။အမြွေးအရှက်ကို။အဘယ်သူသာ၊ကောင်း
စွာသုတ်သင်။ချုတ်ထွင်သန့်ရှင်း။ လင်းစေနိုင်ပါအံ့နည်းဟု။ သံ
ကြိုးငေါ်ငေါ်။ရွှေနားတော်ကြားလျှောက်ထားလေ၏။

ဤသို့နတ်သား။မေးလျှောက်သောစကားကို။မျက်ဝါးထင်
ထင်။မြင်ဘိသောအလား။ဥပမာပုံထား၍။ ဟောကြားတော်မူ
ခြင်းငှါ။ ။သီလေပတိဋ္ဌာယနရောသပညော၊ စိတ္တံပညဉ္စဘာ
ဝယံ။အာတာပီနိပကော ဘိက္ခု၊သောဣမံဝိဇဋယေဇဋံ။ ။
ဟူသောဂါထာကို။သံဝါတွတ်တွတ်။ပြဟ္မာရွတ်သကဲ့သို့။ချေ
ချွတ်ဟောကြားတော်မူလေ၏။

သပညော။ တိဟိတ်ပဋိသန္ဓေပညာဖြင့် ပညာရှိထသော။

အာတာပီ။ ကိလေသာကို ပူပန်စေတတ်။ ဖြတ်သော လုံ့လ
လည်းရှိထသော။နိပကော။ရေးရာမြင်သိ။ ပါဠိဟာရိယ ပညာ
လည်း ရှိထသော။ ဘိက္ခု။ သံသရာဘေး။ လာမည့် ရေးကို။
မြော်တွေး ထောက်ရှုလေ့ ရှိသော။ ယောနရော။ အကြင် ဝိ
ပဿနာ၊ ဘာဝနာတော်မှီ။ယောဂီပုဂ္ဂိုလ်သည်။သီလေ။စတု
ပါရိ။သုဒ္ဓိမည်ရ။ လေးပါးသောသီလ၌။ ပတိဋ္ဌာယ။ တည်၍။
စိတ္တဥ္စ။ စိတ်ကိုပဋ္ဌာနထား၍ ဟောကြားတော်မူအပ်သော သ
မာဓိကိုဇင်း။ ပညဉ္စ။ ဝိပဿနာပညာကိုဇင်း။ ဘာဝယံ ဘာဝ
ယန္တော။ပွါးစေသည်။ဟောတိ့။ဖြစ်၏။သောနရော။ထိုဝိပဿ
နာ။ဘာဝနာတော်မှီ။ ယောဂီပုဂ္ဂိုလ်သည်။ ဣမံဇဋံ။ဤတဏှာ
တွေးရစ်၊ချုံစေးပျစ်ကို။ ဝိဇဋယေ။ပယ်ဖျက်သုတ်သင်။ ခုတ်
ထွင်သန့်ရှင်း။လင်းစေနိုင်၏။ ။ဤကားယောဇနာ။ ။

ဒါယကာနတ်သား။စွမ်းအန်ကြွားကြွား။ လွန်ကြီးမားသော
ယောကျ်ားသည်။ မြေတွင်ကြို့ကြို့။ ရပ်တံ့တည်နေပြီးမှ။ မြမြ
လက်လက်။ဝင့်တိုင်းစက်အောင်။ထက်စွာသွေးအပ်သော သန်
လျက်ထားကို။ကျားကျားကိုင်မလျက်။ကြီးလှရှက်ရုံ။ဝါးထော
ချုံကို။အကုန်မကြွင်း။အမြစ်အရင်း။တျှင်းတျှင်းပြောင်စင်။ ခုတ်
ထွင်လေဘိသကဲ့သို့။ ဝိပဿနာ။ ဘာဝနာ တော်မှီ။ ယောဂီ
ယောကျ်ား။အမျိုးသားသည်။ညစ်နွမ်းမထင်။ဖြူစင်လွလွ၊ လွန်
ချမ်းမြသော သီလတည်းဟူသော မြေတလင်း၌။ တျှင်းတျှင်း
ကြို့ကြို့။ရပ်တံ့တည်နေပြီးမှ။ သမာဓိတည်းဟူသော ကျောက်
သားဝယ်။အသွားလက်လက်။အရောင်ထွက်အောင်။ ထက်စွာ
သွေးအပ်သော။ဝိပဿနာ။ပညာမြဲရွက်။ထားသန်လျက်ကို။ ပါ
ဠိဟာရိယပညာ။ လက်ျာလက်ဖြင့်။ မပျက်ကိုင်စွဲပြီးမှ။ ဝီရိယ
တရား။ ယောဂီအား။ဖြင့်။ ကြွားကြွားချိပင့်၍။ ထပ်ဆင့်ရှက်ရုံ။
ပိတ်ပေါင်းလုံ့ သော။ ဝါးချုံ စေးပျစ်ပမာ။ တဏှာတည်းဟူ
သောအမြေးအရှက်ကို။ ပယ်ဖျက် သုတ်သင်။ ခုတ်ထွင် သန့်
ရှင်း။လင်းစေနိုင်၏ဟူသတည်း။

ဤသို့နုတ်သား လျှောက် ထားသော စကားကို ဖြေဆိုရာ။ ပဋ္ဌာဗျာကရဏာဂါထာ၌။ သီလ၊ သမာဓိ၊ ပညာ၊ ဝိရိယအားဖြင့်။ လေးပါးသောတရားတို့ကိုသာ။ နိဗ္ဗာန်ရောက် ကြောင်း။ ကောင်းမြတ်သော တရားတို့ဟူ၍။ မြွက် ကြားထုတ် ဘော်။ ဟောတော်မူအပ်ကုန်၏။

သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယပဿတိ။ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။ဟူသော ဒေသနာမြွက်။ ရခပါဠိ၌။ တေဘူမိက သင်္ခါရတရားတို့သည်။ အတည်မစွဲ။ အမြဲမရှိကုန်ဟုမြင်သိသော ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေပြီးမှ။ ထိုသင်္ခါရတရား။ဒုက္ခများ၌။ မပျော်မမွေ့။ ငြီးငွေ့သောနိဗ္ဗိဒါဉာဏ်ကိုသာလျှင်။နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သော တရားဟုဟောကြားတော်မူအပ်၏။

ဘိက္ခဝေ။သံသရာဘေး။လာမည့်ရေးကို။ မြော်တွေးတတ်ပြား။ငါ့ချစ်သားတို့။ယဒါယသ္မိံကာလေ။အကြင်အခါ၌။သဗ္ဗေ။ကြွင်းမဲ့ဥဿုံ။ခပ်သိမ်းကုန်သော။ သင်္ခါရာ။ သင်္ခါရတရားတို့သည်။အနိစ္စာ။ ကုန်ခန်းပျက်စီး။ ပြုန်းတီးပြိုကွဲသဖြင့်။ အမြဲမရှိကုန်။ဣတိ။ ဤသို့။ ပညာယ။ ဖြစ်ပျက်သည်ကိုရှုသော ဥဒယဗ္ဗယာနုပဿနာ ဉာဏ် ပညာဖြင့်။ ပဿတိ။ သုံးသပ် ဆင်ခြင်ဟုတ်တိုင်းမြင်၏။ အထပစ္ဆာ။ ဟုတ်တိုင်းထင်ထင်မြင်ပြီးသည့်မှ။နောက်ကာလ၌။ဒုက္ခေ။ဘောက်ပြန်ပြိုကွဲ။အမြဲမရှိ၍။ ဆင်းရဲအတိဖြစ်သောတရား၌။နိဗ္ဗိန္ဒတိ။နှစ်သက်မခင်။ ရွှင်ပျော်မမွေ့။ လွန်ငြီးငွေ့၏။ ဧသဧသော။ ဤမပျော်မမွေ့။ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သည်သာလျှင်။ဝိသုဒ္ဓိယာ။ ညစ်ကြေး ခပ်သိမ်း။ ကင်းငြိမ်းရာမှန်။ပြည်နိဗ္ဗာန်၏။ မဂ္ဂေါ။ ခရီးသဘွယ်။ ရောက်လွယ်သော အကြောင်း။ ရှေးလမ်း ဟောင်းပေတည်း။ ။ဤကား ယောဇနာ။ ။

ယမှိဈာနဉ္စပညာစ၊ သဝေနိဗ္ဗာနသန္တိကေ။ ။ဟူသော ဒေသနာတော်မြွက်ရခပါဠိ၌။သမာပတ်ရှစ်တန်။လောကီဈာန်

နှင့်တကွ။ဝိပဿနာဉာဏ်ကိုသာလျှင်။နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သောတရားဟူ။ဟောကြားတော်မူအပ်၏။ ။

ဘိက္ခဝေ။ငါ၏ချစ်သားရဟန်းများတို့။ ယမှိ။အကြင်ပုဂ္ဂိုလ်၌။ဈာနဉ္စ။သမာပတ်ရှစ်တန်။ အခြေခံဖြစ်သော ဈာန်သည်၎င်း။ ပညာစ။ဝိပဿနာဉာဏ်ပညာသည်၎င်း။အတ္ထိ။ရှိ၏။သော။ ထိုပုဂ္ဂိုလ်သည်။ ဝေဖောကေန္တော့န။ အကယ်မလွဲသဖြင့်။ နိဗ္ဗာနသန္တိကေ။တဏှာကင်းကုန်။နိဗ္ဗါန်ဘုံ၌။တိဋ္ဌတိ။ချမ်းမြေ့ဖေးကြည်။အမြဲတည်၏။ ။ဤကားယောဇနာ။ ။

သဗ္ဗဒါသီလသမ္ပန္နော၊ ပညဝါသုသမာဟိတော။အာရဒ္ဓဝိရိယောပဟိတတ္တော၊ ဩဃံတရတိဒုတ္တရံ။ • ။ဟူသောဒေသနာတော်မြတ်။မုခပါဠိ၌။ သီလ၊ သမာဓိ၊ ပညာ၊ဝိရိယ အားဖြင့်။ လေးပါးသော တရားတို့ကို သာလျှင်။ နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သော တရားတို့ ဟူ၍။ ဖွင့်ကြား ထုတ်ဘော်။ ဟောတော်မူအပ်၏။ ။

ဘိက္ခဝေ။သံသရာဘေး။လာမည့်ရေးကို။ မြော်တွေးတတ်ပြား။ငါ့ချစ်သားတို့။ယောပုဂ္ဂလော။အကြင်ပုဂ္ဂိုလ်သည်။ သဗ္ဗဒါ။ဆောက်တည်သည်မှ။ထိုကစ၍။ကာလတွေ့ကြုံ။အလုံးစုံ၌။ သီလ သမ္ပန္နော။ စတုပါရိ။ သုဒ္ဓိမည်ရ။ သီလလေးဖုံ။ ပြည့်စုံသည်။ ပညဝါ။ လောကီ လောကုတ္တရာ။ နှစ်ဖြာသောပညာရှိသည်။သုသမာဟိတော။ကောင်းစွာတည်ဘိ။ သမာဓိရှိသည်။ အာရဒ္ဓ ဝိရိယော။ ကောင်းစွာ ချီးမြှောက်အပ်သော ဝိရိယ ရှိသည်။ပဟိတတ္တော။ ကိုယ်နှင့်အသက်။ ငဲ့ကွက်မထင်။ နိဗ္ဗာန်ခွင်သို့။ပြေးဝင်စေလွှတ်အပ်သောစိတ်ရှိသည်။ဟောတိ။ဖြစ်၏။ သောပုဂ္ဂလော။ ထိုပုဂ္ဂိုလ်သည်။ဒုတ္တရံ။သူငါမတန်။ လူသာမန်တို့။အကြံမပေါက်။ကူးမြောက်နိုင်ခဲသော။ ဩဃံ။ ဩဃလေးခွင်။ရေအလျဉ်ကို။ တရတိ။လွှယ်ကာထုတ်ချော်။ ကူးမြောက်နိုင်၏။ ။ဤကားယောဇနာ။

ဤမှတပါးလည်း။သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊

ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ အပ္ပမာဒစသောတရားတို့ကိုလည်း။ အသီး အသီးအားဖြင့်။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ် သော တရားတို့ဟူ၍။ မြွက်ကြားထုတ်ဘော်။ ဟောတော်မူအပ်ကုန်၏။

ဤကား ဥဒ္ဒေသကထာတည်း။

---

ဤသို့ ဥဒ္ဒေသ၌ ပြဆိုအပ်ပြီးသော။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားအများတို့တွင်၊ သီလ၊ သမာဓိ၊ ပညာ အားဖြင့်။ သုံးပါးသော တရားတို့ကိုသာ အကျယ်ထုတ်ဆောင်၍ပြကြ။ ကြွင်းကျန်သော တရားတို့ကိုလည်း ပြခြင်းကိစ္စပြီးရကား။ ထိုသီလ၊ သမာဓိ၊ ပညာ၊ သုံးဖြာသောတရားတို့ကိုသာလျှင်၊ ယထာရဟာနိဒ္ဒေသအားဖြင့်ပြဆိုပေအံ့။

ထိုသုံးပါးသောတရားတို့တွင်။ ရှေးဦးမဆွ၊ ပဌမဖြစ်သော သီလသည်လည်း။ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ လောကီသီလ၊ လောကုတ္တရာသီလ၊ ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီလ၊ ပါရိသုဒ္ဓိသီလ စသောအားဖြင့်၊ များသောအပြားရှိ၏။ ။ထိုသီလအများတို့တွင် လည်း။ ပါရိသုဒ္ဓိသီလကို အကျယ်ပြဆိုကြ။ ကြွင်းကျန်သော အလုံးစုံသောသီလတို့ကိုလည်း ပြဆိုရာမည်ရကား။ ထိုပါရိသုဒ္ဓိသီလကိုသာလျှင်ပြဆိုပေအံ့။

ထိုပါရိသုဒ္ဓိသီလသည်လည်း။ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလအားဖြင့် လေးပါးပြား၏။ ။ထိုလေးပါးတို့တွင်။ ။ဣဓဘိက္ခုပါတိမောက္ခသံဝရသံဝုတောဝိဟရတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသုဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယသိက္ခတိ သိက္ခာပဒေသု။ ။ဟူ၍ ဟောတော် မူအပ်သော သီလသည်ပါတိမောက္ခသံဝရသီလမည်၏။

ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည်

ဖြစ်၍။ အာစာရဂေါစရ သမ္ပန္နော။ ကောင်းသော အလေ့အကျက်နှင့်ပြည့်စုံသည်ဖြစ်၍။ ဝိဟာရတိ။ နေ၏။ အဏုမတ္တေသု။ ပရမာဏုမျှမျှသာဖြစ်ကုန်သော။ ဝဇ္ဇေသု။ အပြစ်တို့၌။ ဘယဒဿာဝီ။ မြင်းမိုရ်တောင်လောက်နီးနီး ဘေးကြီးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာ ပဒေသု။ သိက္ခာပုဒ် တို့ကို။ သမာဒါယ။ ကောင်းစွာ ဆောက်တည်၍။ သိက္ခတိ။ ကျင့်၏။ ။ဤကား ယောဇနာ။

ဤပါတိမောက္ခ သံဝရသီလကို၊ စောင့်သုံးဆောက်တည်သောအမျိုးကောင်းသားတို့သည်။သဒ္ဓါတရားကိုရှေ့သွားပုဗ္ဗင်္ဂမပြုလျက်၊ အသက်၌သော်လည်းငဲ့ကွက်ခြင်းမရှိဘဲ၊ ကိကီမည်သောငှက်မ။ စာမရီ မည်သောသား။ တယောံတည်းသောသားရှိသောမိခင်။စက္ခုတဘက်သာမြင်သောသူတို့ပမာ။လွန်စွာကြိုးကုတ်၊အားထုတ်စောင့်ရှောက်ကုန်ရာ၏။

ကိကီဝအဏ္ဍံစမရီဝဝါလဓိံ၊ ပိယံဝပုတ္တံနယနံဝဧကကံ။တထေဝသီလံအနုရက္ခမာနကာ၊ သုပေသလာဟောထသဒါသဂါရဝါ။ ။ကိကီ။ရစ်မသည်။အဏ္ဍံ။ မိမိ၏ဥကို။ရက္ခတိဣဝ။အသက်ခန္ဓာ၊မညှာမထောက်၊ စောင့်ရှောံလေဘိသကဲ့သို့ရင်း။ စမရီ။စာမရီမည်သောသားသည်။ ဝါလဓိံ။ မိမိ၏ မြီးဆံကို။ ရက္ခတိဣဝ။ အသက်ခန္ဓာ၊ မညှာမထောက်၊ စောင့်ရှောက်လေဘိသကဲ့သို့ရင်း။ ဧကပုတ္တကော။ သားတယောက်သာရှိသောအမိသည်။ပိယံ။မဆုတ်မနစ်ချစ်အပ်သော။ဧကပုတ္တံ။ တယောက်တည်းသောသားကို။ရက္ခတိဣဝ။ရေစိမ်းတပေါက်၊ မကျရောက်အောင်၊ စောင့်ရှောက်လေဘိသကဲ့သို့ရင်း။ ဧကနယနော။ စက္ခုတဘက်သာမြင်သောသူသည်။ဧကကံ။ ကြွင်းကျန်မပျက်၊ တဘက်သော။ နယနံ။ စက္ခုကို။ ရက္ခတိဣဝ။ စောင့်ရှောက်လေဘိသကဲ့သို့ရင်း။တထေဝ။ ထိုအတူသာလျှင်။ သီလံ။ သီလကို။ အနုရက္ခမာနကာ။ အစဉ် စောင့်ရှောက်ကုန်သောအမျိုးကောင်းသားတို့သည်။ သဒါ။အခါခပ်သိမ်း။ သုပေ

ဟူ၍ဖွင်း။ဝုတ္တာ။ဆိုအပ်၏။တာယဇနေ့ာယ။ထိုသို့ရစ်ပတ်။မြွေးရှက်တတ်သောတဏှာသည်။ပဇာ။ သတ္တဝါအပေါင်းကို။ယသ္မာ။ အကြင်ကြောင့်။ ဇဋိတာ။ ပွေလိမ်ရှုပ်ထွေးမြွေးရှက်တတ်၏။တံတသ္မာ။ထိုကြောင့်။တံ။ဂေါတမန္ဓယ်ဝင်။အရှင်ဘုရားကို။ပုစ္ဆာမိ။သံသယကင်း။ပြောင့်တံသင်းကို။ နုတ်ပယ်ခြင်းငှါ။မေးလျှောက်ပါ၏။ ကော။ အဘယ်ပုဂ္ဂိုလ်သည်။ ဇ္ဇာမံဇဋံ။ ဤတဏှာထွေးရစ်။ ချုံစေးပျစ်ကို။ ဝိဇဋယေ။ ပယ်ဖျက်သုတ်သင်။ ခုတ်ထွင်သန့်ရှင်းလင်းစေနိုင်ပါအံ့နည်း။ ။ ဤကားယောဇနာ။

လောကဓာတ်လုံး။အမြွတ်ဆုံးဟု။ နှုလုံးနစ်နော။ချီးအံ့ဩရသော။ဂေါတမန္ဓယ်တော်ဝင်။ အရှင်ဘုရား။ ဝါးမှဖြစ်၍။စေးပျစ်ရှက်ရုံ။ပိတ်ပေါင်းလှုံသော။ဝါးချုံဝါးခက်တို့သည်။ပြင်လွှင်တပါး။မထွက်သွားစေရ။ဝါးကိုရစ်ခြို။မြွေးရှက်ကျနသကဲ့သို့။ သတ္တဝါအပေါင်းတို့ကိုလည်း။ စက္ခု၊ သောတ။ စသည်ခြောက်ပါး။အဇ္ဈတ္တိကာယတနတရားတို့၌ဖွင်း။ ရူပ၊ သဒ္ဒ။ စသည်ခြောက်ပါး။ ဗာဟိရာယတနတရားတို့၌ဖွင်း။ ခင်မင်နှစ်သက်။စုံမက်ရစ်ပတ်။မြွေးရှက်တတ်သောကြောင့်။ အဇ္ဈောဇဋ။ဗဟိဇဋ။အမည်ရသော။ လောဘအာသာ။ တဏှာချုံစေး။ရှုပ်လိမ်ထွေးသော။အမြွေးအရှက်ကို။အဘယ်သူသာ၊ကောင်းစွာသုတ်သင်။ခုတ်ထွင်သန့်ရှင်း။ လင်းစေနိုင်ပါအံ့နည်းဟု။ သံကြီးငေါ်ငေါ်။ရွှေနားတော်ကြားလျှောက်ထားလေ၏။

ဤသို့နတ်သား။မေးလျှောက်သောစကားကို။မျက်ဝါးထင်ထင်။မြင်ဘိသောအလား။ဥပမာပုံထား၍။ ဟောကြားတော်မူခြင်းငှါ။ ။သီလေပတိဋ္ဌာယနရောသပညော၊ စိတ္တံပညဉ္စဘာဝယံ။အာတာပီနိပကော ဘိက္ခု၊သောဣမံဝိဇဋယေဇဋံ။ ။ ဟူသောဂါထာကို။သံဝါတွတ်တွတ်။မြဟ္မာရွတ်သကဲ့သို့။ချေချွတ်ဟောကြားတော်မူလေ၏။

သပညော။ တိဟိတ်ပဋိသန္ဓေပညာဖြင့် ပညာရှိထသော။

အာတာပီ။ ကိလေသာကို ပူပန်စေတတ်။ မြတ်သော လုံ့လ
လည်းရှိထသော။နိပကော။ရေးရာမြင်သိ။ ပါဋိဟာရိယ ပညာ
လည်း ရှိထသော။ ဘိက္ခု။ သံသရာဘေး။ လာမည့် ရေးကို။
မြော်တွေး ထောက်ရှုလေ့ ရှိသော။ ယောနုရော။ အကြောင် ဝိ
ပဿနာ၊ ဘာဝနာတော်မှ။ယောဂီပုဂ္ဂိုလ်သည်။သိလေ။စတု
ပါရိ။သုဒ္ဓိမည်ရ။ လေးပါးသောသီလ၌။ ပတိဋ္ဌာယ။ တည်၍။
စိတ္တဉ္စ။ စိတ်ကိုပဋ္ဌာနထား၍ ဟောကြားတော်မူအပ်သော သ
မာဓိကိုရင်း။ ပညဉ္စ။ ဝိပဿနာပညာကိုရင်း။ ဘာဝယံ ဘာဝ
ယန္တော။ပွါးစေသည်။ဟောတိ။ဖြစ်၏။သောနုရော။ထိုဝိပဿ
နာ။ဘာဝနာတော်မှ။ ယောဂီပုဂ္ဂိုလ်သည်။ ဣမံဇဋံ။ဤတဏှာ
တွေးရစ်၊ချုံစေးပျစ်ကို။ ဝိဇဋယေ။ပယ်ဖျက်သုတ်သင်။ ခုတ်
ထွင်သန့်ရှင်း။လင်းစေနိုင်၏။ ။ဤကားယောဇနာ။ ။

ဒါယကာနတ်သား။စွမ်းအန်ကြွားကြွား။ လွန်ကြီးမားသော
ယောကျာ်းသည်။ မြေတွင်ကြံ့ကြံ့။ ရပ်တံ့တည်နေပြီးမှ။ မြမြ
လက်လက်။ဝင့်တိုင်းစက်အောင်။ထက်စွာသွေးအပ်သော သန်
လျက်ထားကို။ကျားကျားကိုင်မလျက်။ကြီးလှရှက်ရုံ။ဝါးတော
ချုံကို။အကုန်မကြွင်း။အမြစ်အရင်း။တျှင်းတျှင်းပြောင်စင်။ ခုတ်
ထွင်လေဘိသကဲ့သို့။ ဝိပဿနာ။ ဘာဝနာ တော်မှ။ ယောဂီ
ယောကျာ်း။အမျိုးသားသည်။ညစ်နွမ်းမထင်။ဖြူစင်လွလွ၊ လွန်
ချမ်းမြသော သီလတည်းဟူသော မြေတလင်း၌။ တျှင်းတျှင်း
ကြံ့ကြံ့။ရပ်တံ့တည်နေပြီးမှ။ သမာဓိတည်းဟူသော ကျောက်
သားဝယ်။အသွားလက်လက်။အရောင်ထွက်အောင်။ ထက်စွာ
သွေးအပ်သော။ဝိပဿနာ။ပညာမြရွက်။ထားသန်လျက်ကို။ ပါ
ဋိဟာရိယပညာ။ လကျာ်လက်ဖြင့်။ မပျက်ကိုင်စွဲပြီးမှ။ ဝီရိယ
တရား။ ယောဂီအားဖြင့်။ ကြွားကြွားချိပင့်၍။ ထပ်ဆင့်ရှက်ရုံ။
ပိတ်ပေါင်းလှုံ သော။ ဝါးချုံ စေးပျစ်ပမာ။ တဏှာတည်းဟူ
သောအမြွေးအရှက်ကို။ ပယ်ဖျက် သုတ်သင်။ ခုတ်ထွင် သန့်
ရှင်း။လင်းစေနိုင်၏ဟူသတည်း။

ဤသို့နတ်သား လျှောက် ထားသော စကားကို ဖြေဆိုရာ။ ပဉှာဗျာကရဏဂါထာ၌။ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယအားဖြင့်။ လေးပါးသောတရားတို့ကိုသာ။ နိဗ္ဗာန်ရောက် ကြောင်း။ ကောင်းမြတ်သော တရားတို့ဟူ၍။ မြွက် ကြားထုတ် ဖော်။ ဟောတော်မူအပ်ကုန်၏။

သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယပဿတိ။ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။ဟူသော ဒေသနာမြတ်။ ရခပါငြှ၌။ တေဘူမိက သင်္ခါရတရားတို့သည်။ အတည်မတွဲ။ အမြဲမရှိကုန်ဟုမြင်သိသော ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေပြီးမှ။ ထိုသင်္ခါရတရား။ဒုက္ခများ၌။ မပျော်မမွေ့။ ငြီးငွေ့သောနိဗ္ဗိဒါဉာဏ်ကိုသာလျှင်။နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သော တရားဟုဟောကြားတော်မူအပ်၏။

ဘိက္ခဝေ။သံသရာဘေး။လာမည့်ရေးကို။ မြော်တွေးတတ်ကြား။ငါ့ချစ်သားတို့။ယဒါယသို့ ကာလေ။အကြင်အခါ၌။သဗ္ဗေ။ ကြွင်းမဲ့ဥသုံ။ခပ်သိမ်းကုန်သော။ သင်္ခါရာ။ သင်္ခါရတရားတို့သည်။အနိစ္စာ။ ကုန်ခန်းပျက်စီး။ ပြုန်းတီးပြိုကွဲသဖြင့်။ အမြဲမရှိကုန်။ဣတိ။ ဤသို့။ ပညာယ။ ဖြစ်ပျက်သည်ကိုရှုသော ဥဒယဗ္ဗယာနုပဿနာ ဉာဏ် ပညာဖြင့်။ ပဿတိ။ သုံးသပ် ဆင်ခြင်ဟုတ်တိုင်းမြင်၏။ အထပစ္ဆာ။ ဟုတ်တိုင်းထင်ထင်မြင်ပြီးသည်မှ။နောက်ကာလ၌။ဒုက္ခေ။ဖောက်ပြန်ပြိုကွဲ။အမြဲမရှိ၍။ ဆင်းရဲအတိဖြစ်သောတရား၌။နိဗ္ဗိန္ဒတိ။နှစ်သက်မခင်။ ရွှင်ပျော်မမွေ့။ လွန်ငြီးငွေ့၏။ ဧသဧသော။ ဤမပျော်မမွေ့။ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သည်သာလျှင်။ဝိသုဒ္ဓိယာ။ ညစ်ကြေး ခပ်သိမ်း။ ကင်းငြိမ်းရာမှန်။ပြည်နိဗ္ဗာန်၏။ မဂ္ဂေါ။ ခရီးသဘွယ်။ ရောက်လွယ်သော အကြောင်း။ ရှေးလမ်း ဟောင်းပေတည်း။ ။ဤကား ယောဇနာ။ ။

ယမှိဈာနဉ္စပညာစ၊ သဝေနိဗ္ဗာနသန္တိကေ။ ။ဟူသော ဒေသနာတော်မြတ်ရခပါငြှ၌။သမာပတ်ရှစ်တန်။လောကီဈာန်

နှင့်တကွ။ဝိပဿနာဉာဏ်ကိုသာလျှင်။နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သောတရားဟု။ဟောကြားတော်မူအပ်၏။ ။

ဘိက္ခဝေ။ငါ၏ချစ်သားရဟန်းများတို့။ ယမ္ဟိ။အကြင်ပုဂ္ဂိုလ်၌။ဈာနဉ္စ။သမာပတ်ရှစ်တန်။ အခြေခံဖြစ်သော ဈာန်သည်၎င်း။ ပညာစ။ဝိပဿနာဉာဏ်ပညာသည်၎င်း။အတ္ထိ။ရှိ၏။သော။ ထိုပုဂ္ဂိုလ်သည်။ ဝေဧကန္တေန။ အကယ်မလွဲသဖြင့်။ နိဗ္ဗာနသန္တိကေ။တဏှာကင်းကုန်း။နိဗ္ဗါန်ဘုံ၌။တိဋ္ဌတိ။ချမ်းမြေ့ဧကြည်။အမြဲတည်၏။ ။ဤကားယောဇနာ။ ။

သဗ္ဗဒါသီလသမ္ပန္နော၊ ပညဝါသုသမာဟိတော။အာရဒ္ဓဝီရိယောပဟိတတ္တော၊ ဩဃံတရတိဒုတ္တရံ။ ။ဟူသောဒေသနာတော်မြတ်။ရခပါဠ်၌။ သီလ၊ သမာဓိ၊ ပညာ၊ဝီရိယ အားဖြင့်။ လေးပါးသော တရားတို့ကို သာလျှင်။ နိဗ္ဗာန်ရောက်ကြောင်း။ ကောင်းမြတ်သော တရားတို့ ဟူ၍။ ဖွင့်ကြား ထုတ်ဘော်။ ဟောတော်မူအပ်၏။ ။

ဘိက္ခဝေ။သံသရာဘေး။လာမည့်ရေးကို။ မြော်တွေးတတ်ပြား။ငါ့ချစ်သားတို့။ယောပုဂ္ဂလော။အကြင်ပုဂ္ဂိုလ်သည်။ သဗ္ဗဒါ။ဆောက်တည်သည်မှ။ထိုကစ၍။ကာလတွေ့ကြုံ။အလုံးစုံ၌။ သီလ သမ္ပန္နော။ စတုပါရိ။ သုဒ္ဓိမည်ရ။ သီလလေးဖုံ။ ပြည့်စုံသည်။ ပညဝါ။ လောကီ လောကုတ္တရာ။ နှစ်ဖြာသောပညာရှိသည်။သုသမာဟိတော။ကောင်းစွာတည်ဘိ။ သမာဓိရှိသည်။ အာရဒ္ဓ ဝီရိယော။ ကောင်းစွာ ချီးမြှောက်အပ်သော ဝီရိယ ရှိသည်။ပဟိတတ္တော။ ကိုယ်နှင့်အသက်။ ငဲ့ကွက်မထင်။ နိဗ္ဗာန်ခွင်သို့။ပြေးဝင်စေလွှတ်အပ်သောစိတ်ရှိသည်။ဟောတိ။ဖြစ်၏။ သောပုဂ္ဂလော။ ထိုပုဂ္ဂိုလ်သည်။ဒုတ္တရံ။သူငါမတန်။ လူသာမန်တို့။အကြံမပေါက်။ကူးမြောက်နိုင်ခဲသော။ ဩဃံ။ ဩဃလေးခွင်။ရေအလျဉ်ကို။ တရတိ။လွှယ်ကာထုတ်ချော်။ ကူးမြောက်နိုင်၏။ ။ဤကားယောဇနာ။

ဤမှတပါးလည်း။သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊

ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ အပ္ပမာဒစသောတရားတို့ကိုလည်း။ အသီးအသီးအားဖြင့်။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ် သော တရားတို့ဟူ၍။ မြွက်ကြားထုတ်ဘော်။ ဟောတော်မူအပ်ကုန်၏။

ဤကား ဥဒ္ဒေသကထာတည်း။

---

ဤသို့ ဥဒ္ဒေသ၌ ပြဆိုအပ်ပြီးသော။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားအများတို့တွင်၊ သီလ၊ သမာဓိ၊ ပညာ အားဖြင့်။ သုံးပါးသော တရားတို့ကိုသာ အကျယ်ထုတ်ဆောင်၍ပြကာ။ ကြွင်းကျန်သော တရားတို့ကိုလည်း ပြခြင်းကိစ္စပြီးရကား။ ထိုသီလ၊ သမာဓိ၊ ပညာ၊ သုံးဖြာသောတရားတို့ကိုသာလျှင်၊ ယထာရဟာ နိဒ္ဒေသအားဖြင့်ပြဆိုပေအံ့။

ထိုသုံးပါးသောတရားတို့တွင်။ ရှေးဦးမဆွ၊ ပဌမဖြစ်သော သီလသည်လည်း။ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ လောကီသီလ၊ လောကုတ္တရာသီလ၊ ဘိက္ခုသီလ၊ ဘိက္ခုနီသီလ၊ အနုပသမ္ပန္နသီလ၊ ဂဟဋ္ဌသီလ၊ ပါရိသုဒ္ဓိသီလ စသောအားဖြင့်၊ များသောအပြားရှိ၏။ ။ထိုသီလအများတို့တွင် လည်း။ ပါရိသုဒ္ဓိသီလကို အကျယ်ပြဆိုက။ ကြွင်းကျန်သော အလုံးစုံသောသီလတို့ကို လည်း ပြဆိုရာမည်ရကား။ ထိုပါရိသုဒ္ဓိသီလကိုသာလျှင်ပြဆိုပေအံ့။

ထိုပါရိသုဒ္ဓိသီလသည်လည်း။ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလအားဖြင့် လေးပါးပြား၏။ ။ထိုလေးပါးတို့တွင်။ ။ဣဓဘိက္ခုပါတိမောက္ခသံဝရသံဝုတောဝိဟရတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသုဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယသိက္ခတိ သိက္ခာပဒေသု။ ။ဟူ၍ ဟောတော် မူအပ်သော သီလသည်ပါတိမောက္ခသံဝရသီလမည်၏။

ဣဓ။ ဤသာသနာတော်၌။ ဘိက္ခု။ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည်

ဖြစ်၍။ အာစာရဂေါစရ သမ္ပန္နော။ ကောင်းသော အလေ့အကျက်နှင့်ပြည့်စုံသည်ဖြစ်၍။ ဝိဟာရတိ။ နေ၏။ အဏုမတ္တေသု။ ပရမာဏုမြူမျှသာဖြစ်ကုန်သော။ဝဇ္ဇေသု။ အပြစ်တို့၌။ ဘယဒဿာဝီ။ မြင်းမိုရ်တောင်လောက်နီးနီး ဘေးကြီးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာ ပဒေသု။ သိက္ခာပုဒ် တို့ကို။ သမာဒါယ။ ကောင်းစွာ ဆောက်တည်၍။ သိက္ခတိ။ ကျင့်၏။ ။ဤကား ယောဇနာ။

ဤပါတိမောက္ခ သံဝရသီလကို၊ စောင့်သုံးဆောက်တည်သောအမျိုးကောင်းသားတို့သည်။သဒ္ဒါတရားကိုရှေ့သွားပုဗ္ဗင်မပြုလျက်၊ အသက်၌သော်လည်းငဲ့ကွက်ခြင်းမရှိဘဲ၊ ကိကီမည်သောငှက်မ။ စာမရီ မည်သောသား။ တယောံတည်းသောသားရှိသောမိခင်။စက္ခုတဘက်သာမြင်သောသူတို့ပမာ။လွန်စွာကြိုးကုတ်၊အားထုတ်စောင့်ရှောက်ကုန်ရာ၏။

ကိကီဝအဏ္ဍံစမရီဝဝါလဓိံ၊ ပိယံဝပုတ္တံနယနံဝဧကကံ။တထေဝသီလံအနုရက္ခမာနကာ၊သုပေသလာဟောထသဒါသဂါရဝါ။ ။ကိကီ။ရစ်မသည်။အဏ္ဍံ။ မိမိ၏ဥကို။ရက္ခတိဣဝ။အသက်ခန္ဓာ၊မညှာမထောက်၊ စောင့်ရှောံလေဘိသကဲ့သို့ဂုင်း။ စမရီ။စာမရီမည်သောသားသည်။ ဝါလဓိံ။ မိမိ၏ မြီးဆံကို။ ရက္ခတိဣဝ။ အသက်ခန္ဓာ၊ မညှာမထောက်၊ စောင့်ရှောက်လေဘိသကဲ့သို့ဂုင်း။ ဧကပုတ္တကော။ သားတယောက်သာရှိသောအမိသည်။ပိယံ။မဆုတ်မနစ်ချစ်အပ်သော။ဧကပုတ္တံ။ တယောက်တည်းသောသားကို။ရက္ခတိဣဝ။ရေစိမ်းတပေါက်၊ မကျရောက်အောင်၊ စောင့်ရှောက်လေဘိသကဲ့သို့ဂုင်း။ ဧကနယနော။ စက္ခုတဘက်သာမြင်သောသူသည်။ဧကကံ။ ကြွင်းကျန်မပျက်၊ တဘက်သော။ နယနံ။ စက္ခုကို။ ရက္ခတိဣဝ။ စောင့်ရှောက်လေဘိသကဲ့သို့ဂုင်း။တထေဝ။ ထိုအတူသာလျှင်။ သီလံ။ သီလကို။ အနုရက္ခမာနကာ။ အစဉ် စောင့်ရှောက်ကုန်သောအမျိုးကောင်းသားတို့သည်။ သဒါ။အခါခပ်သိမ်း။ သုပေ

သလာ။လွှန်စွာသီလကိုချစ်ကုန်သည်။သဂါရဝါ။ လွှန်စွာသီလ
ကိုရိုသေလေးမြတ်ကုန်သည်။ဟောတ္ထ၊ဖြစ်ကြကုန်လေ့။ ။ဤ
ကားယောဇနာ။

ဤအရာ၌။ ခိုးသူတို့နွယ်ဖြင့်တုပ်နှောင်ဘွဲ့ချည်၍ထားအပ်
သောမထေရ်များဝတ္ထုကိုထုတ်ဆောင်အပ်ကုန်၏။ ။ရှေး
လွှန်လေပြီးသောအခါ။ ငါတို့မြတ်စွာဘုရား သာသနာဝယ်။
ဟောမဝန္တာအနီး။ ပညောင်ပင်ကြီးရှိသောတောအုပ်တခု၌။ မ
ထေရ် တပါးကို ခိုးသားတို့ ဘမ်းဆီးပြီးလျှင်။ ကာဠဝလ္လိမည်
သောနွယ်ငန်းတို့ဖြင့် ဘွဲ့ချည်တုပ်နှောင်ထားပြီးမှ လိုရာအရပ်
သို့သွားကြကုန်၏။မထေရ်သည်လည်းနွယ်ငန်းကိုဖြတ်နိုင်သော
အစွမ်းသတ္တိရှိလျက်။ အသက်ဟူသော အကြောင်းကြောင့် ဘု
ရားပေးသနားတော်မူသောသီလသိက္ခာပုဒ်ကို မဖျက်ဆီးပြီဟု၊
နှလုံးပြု၍။နွယ်ကိုမဖြတ်ဘဲ။ ခိုးသူတို့ထားခဲ့တိုင်းမြေ၌အိပ်လျက်
ပင်လျှင်။ ခုနစ်ရက်ပတ်လုံးဝိပဿနာကိုပွါး၍။ အနာဂါမိဖိုလ်၌
တည်ပြီးမှ။ ထိုအရပ်၌ပင်လျှင်။ ဧတေ့မနေသေလွန်၍ ဗြဟ္မာ့
ပြည်သို့ရောက်လေ၏။

တမ္ဗပဏ္ဏိအမည်ရှိသောသီဟိုဠ်ကျွန်း၌လည်း။ ရှေးနည်းအ
တူ။ခိုးသူတို့သည်။ မထေရ်တပါးကိုဘမ်းဆီးပြီးလျှင်။ ပူတိလ
တာမည်သော ဆင်သမား နွယ်ဖြင့် ဘွဲ့ချည်တုပ်နှောင်၍မြေ၌
အိပ်စေလျက် ထားခဲ့ ကြကုန်၏။ ထိန်ထိန် ညီး ညီး။ တောမီး
လောင်၍လာလတ်သော်။ နွယ်ကိုဖြတ်နိုင်သောအစွမ်းသတ္တိရှိ
ပါလျက်။ အသက်ဟူသောအကြောင်းကြောင့်။ မြတ်စွာဘုရား
ပေးသနားတော်မူအပ်သော သီလသိက္ခာပုဒ်ကို မဖျက်ဆီးပြီ
ဟုနှလုံးပြု၍။နွယ်ကိုမဖြတ်ဘဲ။ ထိုအရပ်၌ပင်လျှင်ဝိပဿနာကို
ပွါး၍။ ကိလေသာကုန်ခြင်းနှင့်အသက်ကုန်ခြင်းနှစ်ပါး ကာလ
မခြားသောသမသီသီရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူလေ
၏။ ။ဒီဃဘာဏက အဘယမထေရ်သည်။ တပည့်တပန်း
ရဟန်းငါးရာ ခြံရံလျက် ဒေသစာရီ လှည့်လည်ကြွလာတော်မူ

သောအခါ။မထေရ်၏အလောင်းကိုမြင်၍။ မိးသဂြိုဟ်စေပြီးမှ။ ဓာတ်တော်တို့ကိုစေတီပြုလုပ်တည်ထားစေ၏။ ။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကို။ ယုံကြည်မြတ်နိုးသော အမျိုးကောင်း သားတို့သည်။ အသက်ဟူသော အ ကြောင်း ကြောင့်လည်း။ သီလသိက္ခာပုဒ်တော်များကိုကျူးလွန်ကျော် နင်း ဖျက်ဆီးခြင်းကိုမပြုကြရာ။ အသက်ကိုသာလျှင်မငဲ့မ ထောက်။မကြောက်မရွံ့။စွန့်ကြကုန်ရာ၏။ ။ပါတိမောက္ခံဝိ သောဓေန္တော၊အပ္ပေဝဇီဝိတံဇဟေ။ပညတ္တံလောကနာထေန၊ နဘိန္ဒေသီလသံဝရံ။ ။

ပါတိမောက္ခံ။ ပါတိမောက္ခ သီလကို။ ဝိသော ဓေန္တော။ သုတ်သင်ရှင်းလင်း၊စင်ကြယ်ခြင်း၌အလိုရှိသောသူသည်။ ဇီဝိ တံ။ အသက်ကို။အပ္ပေဝဇဟေ။ကေန်မငဲ့စွန့်ရာ၏။လောကနာ ထေန ။လူသုံးသွယ်တို့၏ကိုးကွယ်ရာစစ်ဖြစ်တော်မူသောမြတ် စွာဘုရားသည်။ပညတ္တံ။ပညတ်တော်မူအပ်သော။သီလသံဝရံ။ စောင့်သုံးအပ်သောသီလကို။နဘိန္ဒေ။ ညှိုးနွမ်းရုံလျက်။ မဖျက် ရာ။ ။ဤကားယောဇနာ။

ဤကားပါတိမောက္ခသံဝရသီလဝယ်ယထာရဟာ
နိဒ္ဒေသကထာတည်း။

---

သောစစက္ခုနာရူပံဒိသွာ နနိမိတ္တဂ္ဂါဟီဟောတိ နာနုဗျဉ္စ နဂ္ဂါဟီ၊ယတွာဓိကရဏမေနံစက္ခုန္ဒြိယံအသံဝုတံဝိဟာရန္တံ အ ဘိဇ္ဈာဒေါမနဿာပါပကာအကုသလာဓမ္မာအန္ဝာဿဝေယျုံ။ တဿသံဝရာယပဋိပဇ္ဇတိ၊ရက္ခတိစက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေသံ ဝရံ အာပဇ္ဇတိ။ ။အစရှိသဖြင့် ဟော တော် မူ အပ်သော။ စက္ခု၊ သောတစ သော ဒွါရ ခြောက် ပါး။ တံခါး ခြောက် ပေါက်၌။ သတိ တည်း ဟူ သော တံခါး ရွက်ကို မြဲရှက် ပိတ်ထား သဖြင့်။ရူပ၊ သဒ္ဒစသော လောဘနိယ ဝိသဘာဂ အာရုံနှင့်တွေ့ကြုံငြားလည်း။အဘိဇ္ဈာဒေါမနဿတရား။ မဖြစ်

ပွါးရအောင်။စက္ခုစသောဣန္ဒြေခြောက်ပါးတို့ကိုစောင့်စည်းခြင်းသည်ဣန္ဒြိယသံဝရသီလမည်၏။

သောတိက္ခု။ ထိုပါတိမောက္ခသံဝရသီလ၌တည်သောရဟန်းသည်။စက္ခုနာ။စက္ခုဝိညာဉ်ဖြင့်။ရူပံ။ရူပါရုံကို။ဒိသွာ။မြင်၍။ နိမိတ္တဂ္ဂါဟီ။ ယောက်ျားမိန်းမလှပယဉ်ကျေး၏ဟူသောအမှတ်ကိုယူလေ့ရှိသည်။နဟောတိ။မဖြစ်။အနုဗျဉ္ဇနဂ္ဂါဟီ။ အင်္ဂါကြီးငယ်။အသွယ်သွယ်တို့။ရှုစဘွယ်တောင်း။ ကောင်းမြတ်၏ဟူသောအမှတ်ကိုယူလေ့ရှိသည်။နဟောတိ။ မဖြစ်။ ယတွာဓိကရဏံ။ ယတောအဓိကရဏံ။ အကြင်စက္ခုန္ဒြေကို မစောင့်ရှောက်ခြင်းတည်းဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ။ စက္ခုန္ဒြေကို။အသံဝုတံ။မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရန္တံ။ နေသော။ဧနံဘိက္ခုံ။ ထိုရဟန်းကို။အဘိဇ္ဈာဒေါမနဿာ။ အဘိဇ္ဈာဒေါမနဿဟုဆိုအပ်ကုန်သော။ ပါပကာ။ယုတ်မာကုန်သော။အကုသလာဓမ္မာ။အကုသိုလ်တရားတို့သည်။ အနွာဿဝေယျုံ။အစဉ်လိုက်ကုန်၏။တဿ။ ထိုစက္ခုန္ဒြေကို။ သံဝရာယ။သတိတည်းဟူသောတံခါးဖြင့်ပိတ်ခြင်းငှါ။ပဋိပဇ္ဇတိ။ကျင့်၏။စက္ခုန္ဒြိယံ။စက္ခုန္ဒြေကို။ရက္ခတိ။ စောင့်ရှောက်၏။ စက္ခုန္ဒြိယံ။စက္ခုန္ဒြေ၌။သံဝရံ။စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ။ ရောက်၏။ ။ဤကားယောဇနာ။

ဤဣန္ဒြိယသံဝရသီလကိုစောင့်သုံးကြသောအမျိုးကောင်းသားတို့သည်။သတိတရားကိုရှေ့သွားပုဗ္ဗင်္ဂမပြုလျက်။ အနုရာဓပြည်ခွင်သို့ဆွမ်းခံဝင်သော အရှင်မြတ်ကဲ့သို့။ မြင်တိုင်းသော အာရုံ၌သာ တည်ခြင်း။ ကုရုဏ္ဍကလိုဏ်၌သီတင်းသုံးတော်မူသောအရှင်မြတ်ကဲ့သို့။ လေးတောင်ခန့်မျှသာရှုခြင်းတို့၌တည်စေရာ၏။

သီဟိုဠ်ကျွန်း။စေတိယတောင်။တခုသောလိုဏ်၌။အနုရာဓမြို့ကို ဂေါစရဂံပြု၍။ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းနှလုံးသွင်းလျက် သီတင်းသုံးနေလေ့ရှိသော မဟာတိဿမထေရ်သည်။

တရံရောအခါဆွမ်းခံခြင်းအကျိုးငှါ အနုရာဓပြည်သို့ ကြွတော်မူလာရာ။တဦးသောအမျိုးချွေးမသည်။မိမိ၏ခင်ပွန်းနှင့်မသာမကြည်ရှိ၍။ မိဘဆွေမျိုးတို့အိမ်သို့သွားတော့အံ့ဟု။ နံနက်စောစောကပင်လျှင်အဝတ်တန်းဆာ ပန်းမာလ်နံ့သာတို့ကိုဝတ်စားပြင်ဆင်။ဆင်ယင်လိမ်းကျံပြီးမှ။ နတ်သို့းပျိုပမာ။ အနုရာဓပြည်မှထွက်လာခဲ့ရာ။ လမ်းခရီး အကြားတွင် မထေရ်ကို မြင်လေလျှင်။ ရွှင်လန်းဝမ်းမြောက်။ ဘောက်ပြန်သော စိတ်ရှိသဖြင့်ပြင်းစွာသော ရယ်ရွှင်ခြင်းကိုပြုမိ၏။ မထေရ်လည်း။ ဤရယ်ရွှင်သည် ကား အသူနည်းဟု ကြည့်လတ်သော်။ ဖြူဆွထွားထွား၊ သွားရိုးတို့ကိုမြင်၍။ မိမိဆင်ခြင်သုံးသပ်ရင်း အသုဘသညာကိုနှလုံးသွင်းသဖြင့်။အဆင့်ဆင့်ဘာဝနာကိုပွါး၍။လမ်းခရီးအကြား၌ပင်လျှင်။ ခီဏာသဝအစစ်။ ရဟန္တာ အဖြစ်သို့ရောက်လေ၏။ ။ထို့ကြောင့်အဋ္ဌကထာ၌။ ။တဿာဒန္တဋ္ဌိကံဒိသွာပုဗ္ဗသညံအနုဿရိ။တတ္ထေဝသောဌိတောထေရော၊အရဟတ္တံအပါပုဏိ။ ။ဟူ၍မိန့်အပ်လေပြီ။ ။

သောထေရော။ ထိုမဟာတိဿမထေရ်သည်။ တတ္ထေဝ။ ထိုခရီးလမ်းအကြား၌ပင်လျှင်။ ဌိတော။ ရပ်တော်မူလျက်။ တဿာ။ထိုအမျိုးချွေးမ၏။ ဒန္တဋ္ဌိကံ။ဖြူဆွထွားထွား။သွားအရိုးကို။ ဒိသွာ။မြင်၍။ ပုဗ္ဗသညံ။ ရှေး၌စီးဖြန်းဆင်ခြင်ဘူးသောအဋ္ဌိကအသုဘသညာကို။အနုဿရိ။ဆင်ခြင်အောက်မေ့တော်မူ၏။အနုက္ကမေန။အစဉ်အားဖြင့်။ ဘာဝေတွာ။ ဝိပဿနာဘာဝနာကိုပွါး၍။အရဟတ္တံ။အရဟတ္တဖိုလ်သို့။ အပါပုဏိ။ရောက်တော်မူလေပြီ။ ။ဤကားယောဇနာ။ ။

ထိုအမျိုးချွေးမ၏ခင်ပွန်းသည်လည်း။ သွားရာခရီးကိုမှတ်၍။နောက်ထပ်လိုက်လာခဲ့ရာ။ မထေရ်ကိုတွေ့မြင်၍။အရှင်ဘုရား။ဤခရီးအကြားဝယ်တဦးသောမိန်းမယ်ကိုတွေ့မြင်ပါသလောဟုလျှောက်ထားလေလျှင်။ဥပါသကာ။ ဤခရီး၌သွားသောသူ

ကို။မိန်းမဟူ၍၎င်း၊ ယောကျ်ားဟူ၍၎င်း၊ ငါမသိလိုက်။စင်စစ် အားဖြင့်ကား။ အရိုးရတာရ၊ ရှုရှုတွား၍ သွားလေ၏ ဟုမိန့်ဆို တော်မူခြင်း၌။ ။နာဘိဇာနာမိဣတ္ထိဝါ၊ပုရိသောဝါဣတော ဂတော။ အပိစအဋ္ဌိသင်္ဃာတော၊ ဂစ္ဆတေသမဟာပထေ။ ။ ဟူသောဂါထာကိုကျူးရင့်တော်မူ၏။ ။

ဥပါသက။ ဒါယကာ။ ဣတော။ ဤအရပ်မှ။ ဂတော။ သွားသော သူကို။ ဣတ္ထိ ဝါ။ မိန်းမ ဟူ၍၎င်း။ ပုရိသောဝါ၊ ယောကျ်ားဟူ၍၎င်း။နာဘိဇာနာမိ။ ငါမသိလိုက်။အပိစ။ငါ၏ အမြင်။စင်စစ်မူကား။ ဧသဧသောအဋ္ဌိသင်္ဃာတော၊ ထိုအရိုးရ သည်။မဟာပထေ။ခရီးမ၌။ဂစ္ဆတိ။ရှုရှုတွား၍သွားလေ၏။ ။ ဤကားယောဇနာ။ ။

ဈေးလွန်လေပြီးသောအခါ။ သိဟိုဠ်ကျွန်း၌စိတ္တဂုတ္တအမည် ရှိသောမထေရ် တပါးသည်။ ကုရဏ္ဍကလိုဏ်ကြီးကိုအမှီပြု လျက်။ စက္ခုစသော ဣန္ဒြေတို့ကိုမပျက်စေရ။ ငြိမ်သက်စွာ စောင့်ရှောက်လျက်။အနှစ်ခြောက်ဆယ်ကျော်ပတ်လုံးသီတင်း သုံးမွေ့လျော်စံနေတော်မူ၏။ထိုကုရဏ္ဍကလိုဏ်ကြီး၌လည်း။ ခုနစ်ဆူကုန်သောဘုရားရှင်တို့၏တောထွက်ခန်းကို။ဆန်းဆန်း ကြယ်ကြယ်။ ရှုချင်ဘွယ်သော ပန်းချီဆေး တို့ဖြင့် ရေးသား ခြယ်လယ် အပ်ကုန်၏။ အခါတပါး များစွာသော ရဟန်းတို့ သည်။ကိုယ်လက်ပူဆာ။ညောင်းညာလွတ်ကင်း။ကျန်းမာခြင်း အကျိုး၌၎င်း။ဆရာသမား။ဘုရားပုထိုး။ ရှိခိုးပူဇော်။ဖူးမြော်ရ ခြင်းအကျိုး၌၎င်း။ကျောင်းစဉ့်လှည့်လည်။သေနာသနစာရီ။ကြွ ချီရောက်လာတော်မူကြသဖြင့်။ ဆန်းကြယ်စွာသောပန်းချီဆေး ရေးရုပ်တို့ကိုမြင်၍။ အရှင်ဘုရား။ အရှင်ဘုရား၏ လိုဏ်ဝယ် ဆန်းကြယ်သောပန်းချီဆေးရေးတို့သည်ယဉ်ကျေးတင့်တယ်။ ဖွယ်ရာပေစွတကားဟုလျှောက်ကြားပြောဆိုကြလေလျှင်။ ငါ့ ရှင်တို့။ ဤလိုဏ်အတွင်းသီတင်းသုံးနေသည့်မှာအနှစ်ခြောက် ဆယ်ကျော်ကြာပေပြီ။ ပန်းချီဆေးရေးရုပ်တို့ ရှိကြောင်း မရှိ

ကြောင်းကိုကောင်းစွာငါမသိလေ။ယနေ့မှပင်မျက်စိမြင်သော ငါ့ရှင်တို့ရောက်လာကြသဖြင့် သိရပေ၏ ဟုမိန့်တော်မူ၏။ ထို စိတ္တဂုတ္တမထေရ်ကြီးသည်။ အနှစ်ခြောက်ဆယ်ကျော်ကာလ ပတ်လုံးသီတင်းသုံးတော်မူငြားသော်လည်း။ ဝဲယာရှေ့နောက် ထက်အောက်ဖိလာ ဖြစ်သော အရပ်တို့ကို လေးတောင်ခန့်မျှ သာအခါခပ်သိမ်းရှုကြည့်တော်မူလေ့ရှိ၏။လိုဏ်ကိုရင်း။လိုဏ် တံခါး၏အနီး ကံ့ကော်ပင်ကြီးကိုရင်း မော်၍မျှမရှုကြည့်စဖူး။ တန်းခူးလအခါ။ ချပ်ယှွာဝတ်ဆံတို့ကြွေ၍မြေ၌တည်သည်ကို မြင်မှကံ့ကော်ပင်ပွင့်ကြောင်းကိုသိရ၏။ ထိုစိတ္တဂုတ္တမထေရ် ကြီး၏ သီလသမာဓိဂုဏ်နှင့် ပြည့်စုံသောကျေးဇူးသီတင်းကို မင်းကြီးကြားတော်မူလေလျှင်။ ဖူးမြင်လိုသော ကြောင့် သုံး ကြိမ်တိုင်တိုင် မှူးမတ်တို့ကို စေလွှတ်ပင့်ဆောင်စေရာ။ ကြွ လာတော်မမူသောကြောင့်။ မဟာဂါမ၌ နို့စို့ရှယ် သားငယ် ရှိသော မိခင်တို့ကို ရင်၌ဘွဲ့စည်းပြီးမှ။ တံဆိပ်အမှတ်နှိပ်ခတ် စေ၍။ မထေရ်မကြွလာသမျှကာလပတ်လုံး သူငယ်တို့ကိုနို့မ တိုက်မကျွေးရဟူသော မင်းအာဏာကိုကြပ်တည်းစွာထုတ် ပြန်ဆင့်ဆိုတော်မူစေ၏။ မထေရ်ကြီးသည်လည်း သူငယ်တို့ အားသနားတော်မူသောကြောင့်။မင်းကြီးပင့်ဆောင်ရာမဟာ ဂါမသို့ ကြွတော်မူလာ၏။ မင်းကြီးလည်း မထေရ်ကြွလာ ကြောင်းကိုကြားသိတော်မူလျှင်။ ရွှင်လန်းဝမ်းမြောက်စွာ။ မှူး မတ်တို့ကိုစေလွှတ်၍။ နန်းတော်တွင်းသို့ သွင်းဆောင်ပင့်ခေါ် စေ၍။ ရိုသေလေးမြတ်။ တုပ်ဝပ်ရိုကျိုး။ရှိခိုးပြီးမှ။ မြိန်မြတ်လှ သောဘောဇဉ်ခဲဘွယ်တို့ဖြင့်လှူဒါန်းလုပ်ကျွေး၍။အရှင်ဘုရား။ ယနေ့ကားသီလခံယူဆောက်တည်အံ့သောငါအခါမရှိပြီ။နက် ဖြန်မိုးသောက်ရောက်သောအခါမှ ကောင်းစွာဆောက်တည် ပါအံ့ဟုလျှောက်၍။ မင်းကြီးကိုယ်တိုင်သပိတ်ကိုထမ်းလျက်။ မိဖုရားကြီးနှင့်တကွ ခရီးအတန်ငယ်ပို့လိုက်ပြီးမှ။ ရှိခိုးလျက် နေရစ်ကြကုန်၏။မထေရ်လည်း။ထိုနည်းတူစွာ။ ခုနစ်ရက်ပတ်

လုံးနန်းတော်တွင်းဝယ် သီတင်းသုံးနေတော်မူခိုက်။ မင်းကြီး လာရောက် ရှိခိုးသောအခါ၌လည်း။ သုခီဟောတုမဟာရာဇ။ တကာတော်မင်းကြီး၊ ချမ်းသာစေသတည်းဟူ၍ဆုပေးတော်မူ၏။မိဖုရားကြီးလာရောက်ရှိခိုးသောအခါ၌လည်း။ သုခီဟောတုမဟာရာဇ။တကာတော်မင်းကြီး၊ ချမ်းသာစေသတည်းဟုဆုပေးတော်မူ၏။ထိုအကြောင်းကို တပည့်ရဟန်းတို့လျှောက်ထားလေလျှင်။ ငါ့ရှင်တို့။ငါတမူကား။ မင်းကြီးဟူ၍၎င်း။မိဖုရားကြီးဟူ၍၎င်း။ သီးသန့်ပိုင်းခြား မှတ်သားခြင်းကို မပြုမိဟု မိန့်တော်မူ၏။မင်းကြီးသည်လည်း။ ခုနစ်ရက်လွန်လတ်သော်။ ဤအရပ်၌ မထေရ် သီတင်း သုံးနေရခြင်းသည် ဆင်းရဲလေယောင်တကားဟု။ကုရုဏ္ဍကတောင်သို့ပြန်၍ပို့လေ၏။မထေရ်မြတ်လည်း။ညဉ့်ဦးယံ၌စင်္ကြံသို့တက်တော်မူလျှင်။ကံ့ကော်ပင်၌အမြဲစောင့်သောနတ်သားသည်။ဤမထေရ်၏သီလစင်ကြယ်ခြင်းသည်အံ့ဩဘွယ်ရှိလေစွ တကားဟု များစွာကြည်ညိုသဖြင့်။ ဆီမီးတိုင်ကို ကိုင်လျက်ရပ်လာ၏။ မထေရ်အားလည်း။ ကြည်လင်စင်ကြယ်သောကမ္မဋ္ဌာန်းသည် ဉာဏ်၌ထင်လာသဖြင့်။ ရွှင်လန်းဝမ်းမြောက်စွာ စီးဖြန်းတော် မူလေသော်။ သန်ခေါင်ယံအဆုံး၌ တောင်အလုံးကို ပဲ့တင်ထပ်စေလျက် အရဟတ္တဖိုလ်သို့ရောက်တော်မူလေ၏။ ။

ဤပြဆိုအပ်ပြီးသော ဝတ္ထုထုံးပုံကို။ယုံကြည်မြတ်နိုးသော အမျိုးကောင်းသားတို့သည်။ သတိတရားကို ရှေ့သွားပုဗ္ဗင်္ဂမပြုလျက်။စင်္ကြံစသောဈာန်တို့ကို။ကောင်းစွာစောင့်ရှောက်ကုန်ရာသည်။ သမင်တောမျောက်။ကြောက်သောသူငယ်တို့ကဲ့သို့ လျှပ်ပေါ်သောဈာန်မရှိကြရာ။ ။မက္ကဋောဝအရညမှိ၊ဝနေ ဘန္တောမိဂေါဝိယ။ဗာလောဝိယစဥတြသ္တော၊ နဘာဝေလောဠ လောစနော။ ။

အရညမှိ။ ခက်ကြိုင်းဝေဆာ။ ဟေမာတကြော။ရေစာပေါသော။တောအရပ်၌။မက္ကဋောဝ၊ခုန်ပျံပေါ့ပေါ့။ပုံဟန်ကြော့နှင့်။

ဆော့သောမျောက်ကဲ့သို့ရင်း။ ဝနေ။ပင်လတ်တဆင့်။ ပင်မြင့်တကြော။စေးချုံနွှောသောတော၌။ဘန္တော။ရပ်တုံ့မနေ။ဈာန်ခြေမချုပ်။လွန်တုန်လှုပ်သော။မိဂေါဝိယာစ။ချိုတချိချိ။လည်တမော့မော့။ ကိုယ်ကြော့ကြော့နှင့်။ ပြေးတော့မည်သွင်။ ပုံဟန်ဆင်သောသမင်ကဲ့သို့ရင်း။ဥတြသ္တော။ ထိတ်ထိတ်လန့်လန့်။ စိတ်မသန့်သော။ဗါလောဝိယာစ။ကွေးလွေးနူနယ်။သူငယ်ကဲ့သို့ရင်း။ လောဠလောစနော။ မငြိမ်မသက်။ အပျက်တချော်။ လျှပ်ပေါ်သောမျက်စိရှိသည်။ နဘဝေ။ ခါတ်ရံပေ။ မဖြစ်စေရာ။ ။ဤကားယောဇနာ။ ။

ဤကားဈာန်ဝိယသံဝရသီလဝယ်ယထာရဟ
နိဒ္ဒေသကထာတည်း။

---

အာဇီဝဟေတုအာဇီဝကာရဏာပါပိစ္ဆောဣစ္ဆာပကတော။ အစရှိသဖြင့် ဟောတော်မူအပ်သော။ အသက်မွေးခြင်းနှင့်စပ်သောသိက္ခာပုဒ်တော်တို့ကိုကျော်နင်းကျူးလွန်သဖြင့်ရင်း။ ကုဟန၊ လပန၊ သာမန္တ၊ ဇပ္ပန၊ ပရိကထာ၊ ဩဘာ၊ နိမိတ်စသည်တို့ကိုပြုသဖြင့်ရင်း။ ဖြစ်သော ပစ္စည်းတို့ကို သုံးဆောင် ခြင်းသည် မိစ္ဆာဇီဝ မည်၏။ ထိုမိစ္ဆာဇီဝမှ ကြဉ်ခြင်းသည် အာဇီဝ ပါရိသုဒ္ဓိသီလမည်၏။ ထိုအာဇီဝပါရိသုဒ္ဓိသီလကို စောင့်ရှောက်လိုသောအမျိုးကောင်းသားတို့သည်။ ကုလုပကရဟန်းကဲ့သို့မဖြစ်စေမူ၍။ ပိရိယတရားကိုရှေ့သွားပုဗ္ဗင်မပြုလျက်။အာရှင်မဟာသာရိပုတ္တရာရဟန္တာမထေရ်ကြီးတို့နည်းကို ယူကျန်ရာသည်။

ကုလုပကရဟန်းတပါးသည်။ ဆွမ်းစားလိုသော ကြောင့်။ တဦးသောအမျိုးအိမ်သို့ဝင်၍ထိုင်နေသည်ကိုအိမ့်ရှင်ဒါယိကာမမြင်လေသော်။မပေးလှူလို၊ဝန်တိုသောကြောင့်။ ဆန်များမရှိပါလေ။ ရှာဘွေရဦးမည်ဟုတောက်တီးမြည်တွန်ခါ။ ဆန်ရှာကျွန်ပြု၍။ အနီးအပါးရှိအိမ်များသို့ထွက်သွားလေ၏။ ကုလုပက

တော့အံ့။မပြန်လာမှီအကြား။အရပ်တပါးသို့မပဲသွားမူ၍။ ဤအ
ရပ်တွင်သာ သီတင်းသုံးရစ်ပါဟုလျှောက်ထားပြီးလျှင် ရွာသို့
ဝင်လေ၏။ လူအပေါင်းတို့ သည်လည်း။ ခရီးဦးကြို ဆိုလျက်။
မထေရ်၏သပိတ်ကိုလှမ်းယူပြီးမှ နို့ဃာနာဖြင့်ပြည့်စေ၍ပေးလှူ
ကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်လည်းပြန်ကြွမည်အခြင်းအ
ရာကိုပြုလျှင်။ အရှင်ဘုရား။ကြွသွားတော်မမူပါလင့်။ ဤနို့ဃာနာ
ကိုဤအရပ်တွင်သာ ဘုန်းပေးသုံးဆောင်တော်မူပါ။ ပြီးကာလ
မှအသစ်တဘန် ထပ်မံ လှူဒါန်းပါဦးမည်ဆို၍ လုပ်ကျွေးကြပြီး
မှ။ သပိတ်ကို ပြည့်စေလျက် အသစ်တဘန် ထပ်မံလှူဒါန်းကြ
ကုန်၏။ မထေရ်လည်းယူဆောင်ပြီးလျှင်။ ငါ့ရှင်သာရိပုတ္တရာ။
ယခုအခါ ဤနို့ဃာနာကို သုံးဆောင်တော်မူပါဟု ပေးအပ်လေ
၏။ အရှင်မဟာသာရိပုတ္တရာလည်း။ဤနို့ဃာနာသည်လွန်စွာမြိန်
မြတ်ပေ၏။ဘယ်သို့မူ၍ဖြစ်လာသနည်းဟုဆင်ခြင်လတ်သော်။
နို့ဃာနာ၏ဖြစ်ရာအကြောင်းရင်းကိုမြင်သဖြင့်။ငါ့ရှင်မောဂ္ဂလာန်။
ဤနို့ဃာနာသည်သုံးဆောင်ခြင်းငှါ မထိုက်ဟုပယ်လိုက်လေ၏။
အရှင်မောဂ္ဂလာန်သည်လည်း။ ငါကဲ့သို့သောသူဆောင်ယူလှူ
ဒါန်းသော ဃာနာဆွမ်းကို မသုံးဆောင်ချေ။ ပယ်လေသည်တ
ကားဟူသောစိတ်ကိုမျှမဖြစ်စေဘဲ။တခွန်းတည်းသောစကား
နှင့်ပင် သပိတ်အနားရေးကို ဆွဲငင်လျက် သင့်ရာအရပ်၌ သွန်
မှောက်လိုက်၏။ နို့ဃာနာမြေသို့ ရောက်သည်နှင့် တပြိုင်နက်။
မထေရ်၏ဝေဒနာလည်းချမ်းသာကွယ်ပျောက်လေ၏။ ထိုမှစ
၍။ လေးဆဲ့ငါးနှစ်ပတ်လုံးတဘန်ပြန်၍ ဖြစ်ခြင်းမည်သည်မရှိ
ပြီ။ ။ထို့နောက်မှ။အရှင်မောဂ္ဂလာန်ကိုခေါ်တော်မူ၍။ ငါ့ရှင်
မောဂ္ဂလာန်။ဝစီဝိညတ်ကိုမှီ၍ဖြစ်သောနို့ဃာနာကို။ ငါ၏အူခွေ
တို့သည်မြေသို့သက်အောင်ထွက်ကုန်ငြားလည်း။ စားသောက်
သုံးဆောင်ခြင်းငှါ မထိုက်လေဟု မိန့်တော်မူပြီးမှ။ ။ဝစီ
ဝိညတ္တိဝိပ္ဖါရာ၊ဥပ္ပန္နံမဓုပါယါသံ။သစေဘုတ္တောဘဝေယျာဟံ၊
သာဇီဝေါဂရဟိတောမမ။ ။ယဒိပိမေအန္တဂုဏံ၊နိက္ခမိတွာ

ဗဟိစရေ။ နေဝဘိန္ဒေယျံအာဇီဝံ၊စဇမာနောပိဇီဝိတံ။ ။ဟူ
သောဥဒါန်းကိုကျူးရင့်တော်မူ၏။

အာဝုသော။ငါ့ရှင်မောဂ္ဂလာန်။ဝစီဝိညတ္တိဝိပ္ဖါရာ။နှုတ်မြွက်ခြင်းအကြောင်းကြောင့်။ဥပ္ပန္နံ။ဖြစ်သော။ မဓုပါယာသံ။နိဿာနာကို။အဟံ။ငါသည်။ဘုတ္တွာ။စားသည်။ စေဘဝေယျ။ အကယ်၍ဖြစ်ငြားအံ့။မမ။ငါ၏။အာဇီဝေါ။ အသက်မွေးခြင်းသည်။ ဂရဟိတော။ ကဲ့ရဲ့အပ်သည်။ အဿ။ဖြစ်ရာ၏။ ။မေမမ။ ငါ၏။ အန္တဂုဏံ။အူခွေသည်။နိက္ခမိတွာ။ထွက်၍။ ဗဟိ။အပဉ္စ။ယဒိပိ စရေ။အကယ်၍လည်းကျအံ့။ ဇီဝိတံ။ အသက်ကို။စဇမာနော ပိ။စွန့်ရသော်လည်း။အဟံ။ငါသည်။ အာဇီဝံ။အာဇီဝကို။ နေဝ ဘိန္ဒေယျံ။မဖျက်လိုပြီ။ ။ဤကားယောဇနာ။

ဤအရာ၌။ အရှင်မဟာသာရိပုတ္တရာသည် နိဿာနာကိုပယ်တော်မူသည်မှာ။အတိဥက္ကဋ္ဌ သလ္လေခပဋိပတ္တိ အကျင့်ရှိသော ပုဂ္ဂိုလ်ဖြစ်၍သာပယ်တော်မူသည်။ နိဿာနာကား ဝိညတ်ပြု၍ ဖြစ်သည်မဟုတ်။ အရှင်မောဂ္ဂလာန်သုံးဆောင်တော်မူသည်ကို ထောက်လေ။ အရှင်မောဂ္ဂလ်ာန် သုံးဆောင်တော် မူသည်မှာ လည်း။ အကြောင်းကို မဆင်ခြင်မိ၍သာ သုံးဆောင်တော် မူ သည်။အတိဥက္ကဋ္ဌ သလ္လေခပဋိပတ္တိ အကျင့်ထူးမရှိ၍ မဟုတ်။ အရှင်သာရိပုတ္တရာပယ်တော်မူသည်ကိုထောက်လေ။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကို ယုံကြည်မြတ်နိုးသော အမျိုးကောင်း သား တို့သည်။ အသက် ဟူသော အကြောင်း ကြောင့်ပင်ဖြစ်လင့်ကစား။ အာဇီဝပါရိသုဒ္ဓိသီလကိုမဖျက်ရာ။ အသက်ကိုသာမညှာမထောက်။မကြောက်မရွံ့။စွန့်ကုန်ရာ၏။

ဤကားအာဇီဝပါရိသုဒ္ဓိသီလဝယ်ယထာ
ရဟာနိဒ္ဒေသကထာတည်း။

---

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝသီ တဿပဋိဃာတာယာတိအာဒိနာနယေနဝုတ္တော ပဋိသင်္ခါနုပ

ရိသုဒ္ဓေါစတုပစ္စယပရိဘောဂေါပစ္စယသန္နိဿိတသီလံနာမ။ ။ ဟူ၍ဟောတော်မူအပ်သော။ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သောအခါတို့၌ဆင်ခြင်သည့်၏အစွမ်းအားဖြင့်စင်ကြယ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြောင်းဖြစ်သော စေတနာသည်။ပစ္စယသန္နိဿိတသီလမည်၏။ ။ထိုပစ္စယသန္နိဿိတသီလကိုစောင့်ရှောံဆောံတည်လိုသောအမျိုးကောင်းသားတို့သည်။ပညာတရားကိုရှေ့သွားပုဗ္ဗင်္ဂမပြု၍။အစာအာဟာရတို့၌တပ်မက်မောသောလောဘစိတ်ကိုမဖြစ်စေမူ၍။ ဘာဂိနေယျသံဃရက္ခိတ သာမဏေတို့ကဲ့သို့ ဆင်ခြင်သုံးဆောင်ကုန်ရာသည်။

မဟာသံဃရက္ခိတ မထေရ်ကြီး၏ တူဖြစ်သော။ ဘာဂိနေယျသံဃရက္ခိတသာမဏေသည်။ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သောအခါတို့၌။ ပစ္စဝေက္ခနာဆင်ခြင်ကာ သုံးဆောင်လေ့ရှိ၏။ တနေ့သ၌။ အလွန် အေးမြသော သလေးဆွမ်းကို သုံးဆောင်နေရာတွင်။ ဥပဇ္ဈာယ်ဆရာမြတ်က။ ငါ့ရှင်သာမဏေ။ ဤသလေးဆွမ်းသည် သင်၏လျှာကို မပူလောင်စေလင့်ဟု ဆိုသောစကားကိုကြားသဖြင့်။သံဝေဂတရားကိုရ၍။ဘာဝနာကိုထပ်ဆင့်ပွါးသဖြင့်။ ထိုနေရာ၌ပင်လျှင် အရဟတ္တဖိုလ်သို့ရောံလေ၏။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကိုယုံကြည်မြတ်နိုးသောအမျိုးကောင်းသားသမီးတို့သည်။ ပစ္စည်းလေးပါးတို့ကိုစားသောံသုံးဆောင်သောအခါတို့၌။ ပညာတရားကို ရှေ့သွား ပုဗ္ဗင်္ဂမပြုလျက်။ရိက္ခာကုန်ခန်း၍။ ခရီးလမ်းကြား၌။ သား၏အသားကိုစားရသောမိခင်တို့ကဲ့သို့၎င်း။ လှည်းဝင်ရိုး၌ လှည်းစာ ထိုးသကဲ့သို့၎င်း။ ခင်မင်တွယ်တာ။ သာယာမက်မောသောစိတ်ကိုမဖြစ်စေမူ၍ ဆင်ခြင်သုံးဆောင်ကုန်ရာ၏။ ။ကန္တာရေပုတ္တမံသံ၀၊ အက္ခဿဗ္ဘဉ္ဇနံ ယထာ။ ဧဝံ အာဟာရေ အာဟာရံ၊ ယာပနတ္ထမမုစ္ဆိတော။

ကန္တာရေ။ရိက္ခာကုန်ခန်း။ ခရီးလမ်း၌။ ပုတ္တမံသံ။ ရင်သွေးအစစ်။ ချစ်လှသောသား၏အသားကို။ဘက္ခန္တဝစ။ မဝါးမမျို။ မစားလိုလျက်။အသက်မသေ။တည်နေရုံမျှ။စားလေရသကဲ့သို့၎င်း။ အက္ခဿ။ မောင်းနှင်မမြန်။ အသံဆိုးဆိုး။လှည်းဝင်ရိုးကို။ အဗ္ဘဉ္ဇနံယထာစ။သာသာညင်ညင်။ မောင်းနှင်မြန်မြန်။ အသံမဆိုး။လှဉ်းစာထိုးသကဲ့သို့၎င်း။ဧဝံဟာထာ။ထို့အတူ။ယာပနတ္ထံ။ ဇီဝိတိန္ဒြေ။မြင့်ရှေကာလ။မျှတခြင်းအကျိုးငှါ။အရဋ္ဌိတော။ ရသတဗျာ။မပါမရော။မမက်မောသည်ဖြစ်၍။ အာဟာရံ။ တွေ့ကြုံသမျှ။အာဟာရကို။အာဟာရေ၊ အာဟာရေယျ။ ဆင်ခြင်တိုင်းထွာ။သုံးဆောင်ရာ၏။ ။ဤကားယောဇနာ။ ။

ဤကားပစ္စယသန္နိဿိတသီလဝယ်ယထာရဟ
နိဒ္ဒေသကထာတည်း။

—o—

နိဗ္ဗာန်ချမ်းသာကို လွန်စွာတောင့်တကုန်သော၊ဥပါသကာ၊ ဥပါသိကာတို့မှာလည်း။ ထုတ်ဆောင် ပြဆိုအပ်ပြီးသော ဝတ္ထုအာဂုံ၊ ထုံးပုံအခန်းခန်းတို့၌၊ ရဟန်းသာမဏေတို့သာတိုက်ရိုက်ပါသဖြင့်၎င်း။စတုပါရိ၊ သုဒ္ဓိမည်ရ၊ သီလလေးဖုံသည်၊လူတို့နှင့်မဆက်ဆံ။ ရဟန်းတို့နှင့်သာထိုက်တန်သည်ဟု၊ နှလုံးပြုကြသဖြင့်၎င်း။ ငါတို့နှင့် မသက်ဆိုင်၊ မကျင့်ပိုင်ဟူသော အယူကိုမဖြစ်စေမူ၍။ လူဝတ်နှင့်ပင်၊ နိဗ္ဗာန်ခွင်သို့။ ဝင်ပျော်စံစားသော၊ ယောကျ်ားမိန်းမတို့၏ထုံးကိုနှလုံးပြုကြသဖြင့်။မိမိတို့ရသင့်၊ ရထိုက်သမျှ၊ သီလလေးပါးတို့ကို၊ ပြဆိုအပ်ခဲ့ပြီးသော မထေရ်မြတ်တို့အလားကြိုးစားကျင့်ကြံနိုင်ပါမှ၊ ချမ်းသာတကာတို့၏အထွတ်ဝဋ္ဋနှင့်မစပ်၊မြတ်လှသောချမ်းသာ၊ ပြည်ခေမာသို့၊မြန်စွာရောက်ကြရကုန်မည်ဟုမှတ်လေ။ ။

ဤကားသီလဝယ်ယထာရဟ
နိဒ္ဒေသကထာတည်း။

—၁—

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားသုံးပါးတို့တွင်။ သီလ၏ အခြားမဲ့၌ ထုတ်ဆောင် ပြဆိုအပ်သောသမာဓိသည်။ ဥပစာရသမာဓိ၊အပ္ပနာသမာဓိဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။အါနာပါနဿတိနှင့်ကာယဂတါသတိနှစ်ပါးမှတပါးသောအနုဿတိ၆ပါး။ အာဟာရေပဋိက္ကူလ သညာတပါး။စတုဓါတုဝဝတ္ထာန်တပါး။ဤဆယ်ပါး၌ဖြစ်သောကေဂ္ဂတာ စေတသိက်သည်ရင်း။ အပ္ပနာ သမာဓိ၏ ရှေ့အဘို့၌ဖြစ်သောဧကဂ္ဂတာစေတသိက်သည်ရင်း။ဥပစာရသမာဓိမည်၏။ ဈာန်ဇော မဂ်ဇောတို့၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် အပ္ပနာသမာဓိမည်၏။

တနည်းလောကီသမာဓိ။လောကုတ္တရာသမာဓိအားဖြင့်နှစ်ပါးပြား၏။ထိုနှစ်ပါးတို့တွင်။ကာမ၊ရူပ၊ အရူပကုသိုလ်၌ရှိသောဧကဂ္ဂတာစေတသိက်သည် လောကီသမာဓိ မည်၏။ မဂ်၌ရှိသောဧကဂ္ဂတာစေတသိက်သည် လောကုတ္တရာသမာဓိ မည်၏။

တနည်းဒုက္ခပဋိပဒါဒန္ဓာဘိညာသမာဓိ၊ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိ၊ သုခပဋိပဒါဒန္ဓာဘိညာသမာဓိ၊ သုခပဋိပဒါ ခိပ္ပါဘိညာသမာဓိဟူ၍လေးပါးပြား၏။ ထိုလေးပါးပြားရာ၌။ ရှေးဦးမဆွပဌမကမ္မဋ္ဌာန်းကိုနှလုံးသွင်းသည်မှစ၍။ ထိုထိုဈာန်၏ဥပစာဟုဆိုအပ်သောဘာဝနာ၏ မြဲမြံခိုင်ခံ့ တည်တံ့သည် တိုင်အောင်ဖြစ်သောသမာဓိတရားကိုပွားခြင်းသည်ပဋိပဒါမည်၏။ဥပစာမှစ၍အပ္ပနာတိုင်အောင်ဖြစ်သောပညာသည်အဘိညာမည်၏။ ထိုပဋိပဒါအဘိညာတို့သည်။အသပ္ပါယကိုမှီဝဲခြင်း၊ မမှီဝဲခြင်း။ ပလိဗောဓကိုဖြတ်ခြင်း၊ မဖြတ်ခြင်း။အပ္ပနာ၌လိမ္မာခြင်း၊ မလိမ္မာခြင်း။တဏှာအဝိဇ္ဇာတရားတို့နှိပ်စက်ခြင်း၊ မနှိပ်စက်ခြင်း၏အစွမ်းအားဖြင့်ရင်း။ သမထ၌ဆုတောင်းရှိခြင်း၊ မရှိခြင်း။ ဝိပဿနာ၌ဆုတောင်းရှိခြင်း၊ မရှိခြင်း၏ အစွမ်းအားဖြင့်ရင်း။ ဒုက္ခပဋိပဒါ၊ သုခပဋိပဒါ၊ ဒန္ဓာဘိညာ၊ ခိပ္ပါဘိညာတို့သည်ယထာရဟဖြစ်

ကြကုန်၏။ ထိုသမာဓိတရားတို့တွင်။ လောကုတ္တရာသမာဓိ၏ ပွါးများစီးဖြန်းပုံနည်းသည်။မဂ်ပညါကိုစီးဖြန်းရာ၌အတွင်းဝင် ပြီးဖြစ်၍အထူးထုတ်ဆောင်ပြဆိုဘွယ်မရှိပြီ။ မဂ်ပညာကိုပြရာ ၌ထင်စွာဖြစ်လတ္တံ့။

လောကီသမာဓိတရားကို ပွါးများစီးဖြန်းလိုသော သမထ ယောဂီ တိဟိတ်ကာမပုဂ္ဂိုလ်တို့သည်။ မိမိတို့ရသင့်ရထိုက် သောသီလတို့ကို။ ခရုသင်းပွတ်သစ်။ပုလဲနှစ်အသွင်၊ဖြူစင်သန့် ရှင်းစေပြီးမှ။ကြောင့်ကြကြီးဆယ်ပါးတို့ကို ပယ်ရှားဖြိမ်းချမ်း စေ၍။ ကမ္မဋ္ဌာန်းပေးတတ်သောဆရာမြတ်ထံချဉ်းကပ်လျက်။ မိမိတို့၏စရိုက်အားလျော်သော၊ လေးဆယ်သောကမ္မဋ္ဌာန်းတို့ တွင်အမှတ်မရှိတခုခုသောကမ္မဋ္ဌာန်းကိုယူ၍။ သမာဓိဘာဝနာ အားမလျော်ပတ်သော၊တဆဲ့ရှစ်ပါးသောအပြစ်ရှိသော အရိပ် အာဝါသကိုပယ်၍။လျောက်ပတ်သောအပြစ်ကင်းသောအရိပ် အာဝါသ၌ နေသဖြင့်။ ကြောင့်ကြငယ်များကိုလည်း ပယ်ရှား သုတ်သင်ပြီးမှ။အလုံးစုံဘာဝနာပွါးသောနည်းကိုမယုတ်စေမူ ၍။ မိမိတို့ဆောင်ယူအပ်သော ကမ္မဋ္ဌာန်း၏ အာရုံဖြစ်သော က သိုဏ်း ပရိကမ္မနိမိတ်ကိုအာရုံပြု၍။ ပထဝီပထဝီ။ အာပေါ အာ ပေါအစရှိသဖြင့်စီးဖြန်း၏။ ထိုသို့စီးဖြန်းခြင်းသည်ပရိကမ္မဘာ ဝနာမည်၏။ မိမိတို့စီးဖြန်းအပ်သောအာရုံသည် ပရိကမ္မနိမိတ် မည်၏။ ထိုပရိကမ္မနိမိတ်ကိုအာရုံပြု၍။ အဘန်တလဲလဲ စီးဖြန်း သောယောဂီပုဂ္ဂိုလ်အား။ မျက်စိဖြင့်မြင်သကဲ့သို့ မနောဒွါရ၌ လွန်စွာထင်အံ့။ ထိုသို့ထင်သောအာရုံသည်ဥဂ္ဂဟနိမိတ်မည်၏။ ထိုဥဂ္ဂဟနိမိတ်ကိုအာရုံပြု၍ မနောဒွါရဖြင့် အဘန်တလဲလဲစီး ဖြန်းသောယောဂီပုဂ္ဂိုလ်အား။ထိုဥဂ္ဂဟနိမိတ်၏အထူးဖြစ်သော ကောင်းကင်ပြင်ဝယ် တင်၍ထားအပ်သော ပတ္တမြား ယပ်ဝန်း ကဲ့သို့၎င်း။ အဓိမ်မှထုတ်သစ်စဖြစ်သော ကြေးမုံ ပြင်ကဲ့သို့ ၎င်း။ထိုဥဂ္ဂဟနိမိတ်ထက်သန့်ရှင်းစင်ကြယ်စွာထင်သော။ ပရ မတ္ထသဘောမှလွတ်သောအာရုံသည် ပဋိဘာဂနိမိတ်မည်၏။

ထိုပဋိဘာဂ နိမိတ် ဖြစ်သည်မှစ၍ ဂေါတြဘူ ဖြစ်သည်တိုင်အောင်။ ပထဝီပထဝီ။ အာပေါအာပေါစသည်ဖြင့် စီးဖြန်းခြင်းသည်။ဥပစာရဘာဝနာမည်၏။

ထိုသို့ပထဝီပထဝီ။ အာပေါအာပေါစသည်ဖြင့် စီးဖြန်းဘန်များ၍။ဈာန်ကိုရလတ္တံ့သောတိဟိတ်ကာမပုဂ္ဂိုလ်အား။ ဘဝင်နှစ်ကြိမ်ကို လည်စေ၍။ ပညတ်ပဋိ ဘာဂ နိမိတ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းတကြိမ်။ ထို့နောင် ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်၍ပုထုဇဉ်သေက္ခဖြစ်အံ့၊ မဟာကုသိုလ်။ရဟန္တာဖြစ်အံ့၊ မဟာကြိယာ။ပဉ္စမဈာန်အစ။စတုတ္ထဈာန်တိုင်အောင်။ပဉ္စမဒွေတို့တွင်တခုသည်။ပဉ္စမဈာန်ဖြစ်အံ့။ တတိယဒွေတို့တွင်တခုသည်၊ပရိကံ၊ဥပစာ၊ အနုလုံ၊ဂေါတြဘူဟုလေးကြိမ်။တိက္ခပညာဖြစ်အံ့။ဥပစာ၊အနုလုံ၊ဂေါတြဘူဟုသုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ချုပ်ကုန်၏။ ထို့နောင် ပညတ်ပဋိဘာဂနိမိတ်ကိုအာရုံပြု၍။ တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အားငါးကြိမ်မြောက်။ ရူပါဝစရကုသိုလ်ဈာန်စိတ်သည်ပုထုဇဉ်သေက္ခအား။ ကြိယာဈာန်စိတ်သည်ရဟန္တာအား။ အာဒိကမ္မိကဖြစ်၍တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ထို့နောင်ဘဝင်ကိုလည်စေ၏။ ။ထို့နောင်မိမိတို့ရအပ်သောဈာန်၏အင်္ဂါတို့ကိုဆင်ခြင်ခြင်းဟုဆိုအပ်သောပစ္စဝေက္ခနာဝီထိ။ ။ဝင်စားခြင်းဟုဆိုအပ်သောသမာပတ္တိဝီထိတို့သည်ဖြစ်ကုန်၏။ ။ဤနည်းကိုအမှီပြု၍။အရူပအပ္ပနာသမာဓိဇောတို့ကိုလည်းသိလေ။

ဤကားသမာဓိအရာဝယ်ယထာရဟာ
နိဒ္ဒေသကထာတည်း။

———o———

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားသုံးပါးတို့တွင်။သီလသမာဓိတရားနှစ်ပါးတို့၏အခြားမဲ့၌ ပြဆိုအပ်သောပညာသည်။ ပဘေဒအားဖြင့် များသောအပြား ရှိငြား သော်

လည်း။ ဤအရာ၌လောကုတ္တရာမဂ်ပညာကိုသာလျှင်ထင်စွာပြ အပ်၏။ ။ထိုလောကုတ္တရာမဂ်ပညာကို ကောင်းစွာ ပွါးများ လိုသောအမျိုးကောင်းသားတို့သည်။ခန္ဓာ၊အာယတန၊ ဓာတ်၊ သစ္စာ၊ဣန္ဒြေ၊ဒိုလ်၊ဗောဇ္ဈင်၊ပဋိစ္စသမုပ္ပါဒ်အစရှိကုန်သော။ ထို ပညာ၏တည်ရာ ဘူမိဖြစ်သောတရားတို့၌ ဥာဏ်၏ လေ့လာ ကျက်စားပွါးများခြင်းကို ပြုပြီးမှ။ မူလဘူတဖြစ်သော။ သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှစ်ပါးကိုဌင်း။ သရီရပမာ။ ကိုယ်ခန္ဓာနှင့်တူ သော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဟု ဆို အပ်သော ငါးပါးသောဝိသုဒ္ဓိတို့ကိုဌင်း။ပြည့်စုံစေအပ်၏။

ထိုခုနစ်ပါးသောဝိသုဒ္ဓိတို့တွင်။လူ့ရှင်ရဟန်းတို့အားမိမိတို့ ရသင့်ရထိုက်သောသီလတို့ကို အောက်၌ ပြဆိုအပ်ပြီးသော နည်းဖြင့်။ ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖြူစင်သန့်ရှင်းစေ ခြင်းသည်သီလဝိသုဒ္ဓိမည်၏။

သမာဓိအရာ၌ပြဆိုအပ်ခဲ့ပြီးသော။ဥပစာရသမာဓိ၊အပ္ပနာ သမာဓိနှစ်ပါးသည်စိတ္တဝိသုဒ္ဓိမည်၏။

နာမ်ရုပ်နှစ်ပါးတို့ကို။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၏ အစွမ်းအားဖြင့် သိမ်းဆည်းဆင်ခြင်သော ဉာဏ်သည် ဒိဋ္ဌိဝိ သုဒ္ဓိမည်၏။

ထိုနာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းဆင်ခြင် သောအားဖြင့်။ ကာလသုံးပါးတို့၌ ယုံမှားခြင်းကိုလွန်မြောက် ၍တည်သောဉာဏ်သည်ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ထိုသို့ သိမ်းဆည်းဆင်ခြင်အပ်ပြီးသော။ အကြောင်းနှင့်တ ကွဖြစ်ကုန်သော။ အတိတ် အနာဂတ် အားဖြင့် ပြားကုန်သော တေဘူမိကသင်္ခါရတရားတို့၌ခန္ဓာဘွဲ့စည်း၍။ ။ဣဒံမေရူပံ အတီတာနာဂတပစ္စုပ္ပန္နံအဇ္ဈတ္တံဝါဗဟိဒ္ဓံဝါ ဩဠာရိကံဝါ သု ခုမံဝါဟီနံဝါပဏီတံဝါယံဒူရေသန္တိကေဝါခယဋ္ဌေနဝယဋ္ဌေ နအနိစ္စံ။ ဘယဋ္ဌေနပီဠနဋ္ဌေနဒုက္ခံ။ အသာရကဋ္ဌေန အနိဿ

ရဓ္မေနအဝသဝတ္တနဓ္မေနအနတ္တာ။ ။စသည်ဖြင့်ဆင်ခြင်သုံး
သပ်သောသမ္မသနဉာဏ်ကိုဖြစ်စေပြီးမှ။ ထိုသင်္ခါရတရားတို့
၌ပင်လျှင်။ ။အဝိဇ္ဇာသမုဒယာရူပသမုဒယော။ တဏှာသမု
ဒယာရူပသမုဒယော။ ကမ္မသမုဒယာရူပသမုဒယော။အာဟာ
ရသမုဒယာ ရူပသမုဒယော။ ။အဝိဇ္ဇာနိရောဓာ ရူပနိရော
ဓော။ တဏှာနိရောဓာ ရူပနိရောဓော။ ကမ္မနိရောဓာ ရူပနိရော
ဓော။ အာဟာရနိရောဓာ ရူပနိရောဓော။ ။စသည်ဖြင့်။ ဖြစ်
ခြင်း ပျက်ခြင်းတို့ကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်
သော ယောဂီပုဂ္ဂိုလ်အား။ ။ဩဘာသောပီတိပဿဒ္ဓိ၊ အ
ဓိမောက္ခောစပဂ္ဂဟော။သုခံဉာဏမုပဋ္ဌာနံ၊ ဥပေက္ခာစနိကန္တိ
စ။ ။ဟူသောပါဌ်နှင့်အညီ။ ကိုယ်မှထွက်သော အရောင်အ
လင်းဟုဆိုအပ်သောဩဘာသ။ထိုဝိပဿနာစိတ်နှင့်တကွဖြစ်
သောနှစ်သက်ခြင်းဟုဆိုအပ်သောပီတိ။ ကိုယ်စိတ်တို့၏ ပူပန်
ခြင်းကိုငြိမ်းစေခြင်းလက္ခဏာရှိသော ပဿဒ္ဓိ။အားကြီးစွာယုံ
ကြည်ခြင်းဟုဆိုအပ်သော အဓိမောက္ခ။ သမ္မပ္ပဓာန်ကိစ္စကိုပြီး
စေတတ်သောဝိရိယဟု ဆိုအပ်သောပဂ္ဂဟ။ ချမ်းသာခြင်းဟု
ဆိုအပ်သောသုခ။ လက္ခဏာယာဉ်သုံးပါးကိုရှုမြင်တတ်သော
ဉာဏ။ အာရုံ၌မြဲစွာတည်သော သတိဟုဆိုအပ်သောဥပဋ္ဌာန။
သမ္ပယုတ်တရားတို့ကို အညီအညွတ်ဖြစ်စေတတ်သောတတြ
မဇ္ဈတ္တုပေက္ခာဟုဆိုအပ်သော ဥပေက္ခာ။ ဤဩဘာသအစရှိ
သော ကိုးပါးတို့၌။ ခင်မင်တွယ်တာ သာယာ နှစ်သက်သော။
တဏှာဟုဆိုအပ်သောနိကန္တိ။ ။ဤဆယ်ပါးသောတရားတို့
ဖြစ်ကုန်လတ်သော်။ ဤထူးမြတ်သောတရားတို့သည် ငါ့အား
ရှေး၌ မဖြစ်ဘူးလေစွတကား။ ငါသည်စင်စစ်အားဖြင့် မဂ်တ
ရား၊ဖိုလ်တရားတို့သို့ ရောက်ပြီတကားဟု။မဂ်မဟုတ်သည်ကို
မဂ်ဟုမယူမှု၍။ဤဩဘာသစသောတရားတို့သည်။တဏှာမာ
နဒိဋ္ဌိတို့၏ တည်ရာအာရုံ၏ အဖြစ်ကြောင့်။ စင်စစ်မဂ်မဟုတ်
ချေ။ဝိပဿနာ၏ ညစ်ညူးကြောင်း တရားတို့သာတည်း။ ထိုဝိ

ပဿနာ၏ ညှစ်ညူးကြောင်းတရားတို့မှ လွတ်သော။ ခရီးမှန်ဖြစ်သော ဝိပဿနာဉာဏ်သည်သာလျှင်။ သစ္စာလေးပါး တရားတို့ကိုသိခြင်း၏အကြောင်းခရီး မဂ်ပေတည်းဟု။ မဂ်ဟုတ်သည် မဟုတ်သည်၌ သိသော ဉာဏ်သည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

မေမမ။ငါ၏။အတိတာနာဂတပစ္စုပ္ပန္နံ။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော။ ယံရုပံဝါ။ အကြင် ရုပ်သည်ရှင်း။ အဇ္ဈတ္တံ။ ကိုယ်သန္တာန်တွင်းသွင်း၍ယူအပ်သော။ ယံရုပံဝါ။ အကြင်ရုပ်သည်ရှင်း။ဗဟိဒ္ဓါ။ကိုယ်သန္တာန်မှ အပဖြစ်သော။ယံရုပံဝါ။ အကြင်ရုပ်သည်ရှင်း။ဩဠာရိကံ။ရုန့်ရင်းကြမ်းထမ်းသော။ယံရုပံဝါ။အကြင်ရုပ်သည်ရှင်း။ သုခုမံ။ သိမ်မွေ့သော။ ယံရုပံဝါ။အကြင်ရုပ်သည်ရှင်း။ ဟီနံ။ ယုတ်သော။ ယံရု ပံဝါ။ အကြင်ရုပ်သည်ရှင်း။ပဏီတံ။မြတ်သော။ယံရုပံဝါ။ အကြင်ရုပ်သည်ရှင်း။ ဒူရေ။ သုခုမသဘောကြောင့်ဝေးသည်ဟု သရတ်အပ်သော။ ယံရုပံဝါ။အကြင်ရုပ်သည်ရှင်း။သန္တိကေ။ ဩဠာရိကသဘောကြောင့် နီးသည်ဟု သရတ်အပ်သော။ ယံရုပံဝါ။အကြင်ရုပ်သည်ရှင်း။ အတ္ထိ။ထင်ရှားပကတိရှိ၏။ ဣဒံရုပံ။ဤရုပ်အပေါင်းသည်။ခယဋ္ဌေန။ရေ့နှယ်ခန်းခြောက်။ကုန်ပျောက်တတ်သောသဘောကြောင့်။ဝယဋ္ဌေန။ကွဲပြိုပြုန်းတီး။ ပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စံ။ အတည်မစွဲ။ အမြဲမရှိ။ ဘယဋ္ဌေန။ ခြင်္သေ့သစ်ကျား၊ သားရဲမျှော့နှယ်၊ ကြောက်မက်ဘွယ်လိ။ဘေးအတိဖြစ်သောသဘောကြောင့်။ပီဠနဋ္ဌေန။ရန်သူ့ပမာ။အခါမလပ်။ နှိပ်စက်တတ်သောသဘောကြောင့်။ ဒုက္ခံ။ ပူဆာလှိုက်လှဲ့။ လွန်ဆင်းရဲ၏။ အသာရကဋ္ဌေန။အနှစ်မပါ။ အကာအတိ။ ဆွေးမြည့်ပုပ်သိုးတတ်သော သဘောကြောင့်။ အနိဿရဋ္ဌေန။အာဏာတန်းခိုးအစိုးမရသောသဘောကြောင့်။အဝသဝတ္တနဋ္ဌေန။မိမိလိုရုပ်မလိုက်တတ်သောသဘောကြောင့်။အနတ္တာ။

သလာ။လွှန်စွာသီလကိုချစ်ကုန်သည်။သဂါရဝါ။ လွှန်စွာသီလကိုရိုသေလေးမြတ်ကုန်သည်။ဟောထ၊ဖြစ်ကြကုန်လော့။ ။ဤကားယောဇနာ။

ဤအရာ၌။ ခိုးသူတို့နွယ်ဖြင့်တုပ်နှောင်ဘွဲ့ချည်၍ထားအပ်သောမထေရ်များဝတ္ထုကိုထုတ်ဆောင်အပ်ကုန်၏။ ။ရှေးလွှန်လေပြီးသောအခါ။ ငါတို့မြတ်စွာဘုရား သာသနာဝယ်။ ဟောမဝန္တာအနီး။ ပညောင်ပင်ကြီးရှိသောတောအုပ်တချ၌။ မထေရ် တပါးကို ခိုးသားတို့ ဘမ်းဆီးပြီးလျှင်။ ကာဠဝလ္လိမည်သောနွယ်ငန်းတို့ဖြင့် ဘွဲ့ချည်တုပ်နှောင်ထားပြီးမှ လိုရာအရပ်သို့သွားကြကုန်၏။မထေရ်သည်လည်းနွယ်ငန်းကိုဖြတ်နိုင်သောအစွမ်းသတ္တိရှိလျက်။ အသက်ဟူသော အကြောင်းကြောင့် ဘုရားပေးသနားတော်မူသောသီလသိက္ခာပုဒ်ကို မဖျက်ဆီးပြီဟု၊နှလုံးပြု၍။နွယ်ကိုမဖြတ်ဘဲ။ ခိုးသူတို့ထားခဲ့တိုင်းမြေ၌အိပ်လျက်ပင်လျှင်။ ခုနစ်ရက်ပတ်လုံးဝိပဿနာကိုပွါး၍။ အနာဂါမိဖိုလ်၌တည်ပြီးမှ။ ထိုအရပ်၌ပင်လျှင်။ ရတော့မနေသေလွန်၍ ဗြဟ္မာ့ပြည်သို့ရောက်လေ၏။

တမ္ဗပဏ္ဏိအမည်ရှိသောသီဟိုဠ်ကျွန်း၌လည်း။ ရှေးနည်းအတူ။ခိုးသူတို့သည်။ မထေရ်တပါးကိုဘမ်းဆီးပြီးလျှင်။ ပူတိလတာမည်သော ဆင်သမား နွယ်ဖြင့် ဘွဲ့ချည်တုပ်နှောင်၍မြေ၌အိပ်စေလျက် ထားခဲ့ ကြကုန်၏။ ထိန်ထိန် ညီး ညီး။ တောမီးလောင်၍လာလတ်သော်။ နွယ်ကိုဖြတ်နိုင်သောအစွမ်းသတ္တိရှိပါလျက်။ အသက်ဟူသောအကြောင်းကြောင့်။ မြတ်စွာဘုရားပေးသနားတော်မူအပ်သော သီလသိက္ခာပုဒ်ကို မဖျက်ဆီးပြီဟုနှလုံးပြု၍။နွယ်ကိုမဖြတ်ဘဲ။ ထိုအရပ်၌ပင်လျှင်ဝိပဿနာကိုပွါး၍။ ကိလေသာကုန်ခြင်းနှင့်အသက်ကုန်ခြင်းနှစ်ပါး ကာလမခြားသောသမသီသိရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူလေ၏။ ။ဒီဃဘာဏက အဘယမထေရ်သည်။ တပည့်တပန်းရဟန်းငါးရာ ခြံရံလျက် ဒေသစာရီ လှည့်လည်ကြွလာတော်မူ

သောအခါ။မထေရ်၏အလောင်းကိုမြင်၍။ မိးသင်္ဂြိုဟ်စေပြီးမှ။ ဓာတ်တော်တို့ကိုစေတီပြုလုပ်တည်ထားစေ၏။ ။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကို။ ယုံကြည်မြတ်နိုးသော အမျိုးကောင်း သားတို့သည်။ အသက်ဟူသော အ ကြောင်း ကြောင့်လည်း။ သီလသိက္ခာပုဒ်တော်များကိုကျူးလွန်ကျော်နင်း ဖျက်ဆီးခြင်းကိုမပြုကြရာ။ အသက်ကိုသာလျှင်မညှာမထောက်။မကြောက်မရွံ့။စွန့်ကြကုန်ရာ၏။ ။ပါတိမောက္ခံဝိသောဓေန္တော၊အပ္ပေဝဇီဝိတံဇဟေ။ပညတ္တံလောကနာထေန၊ နဘိန္ဒေသီလသံဝရံ။ ။

ပါတိမောက္ခံ။ ပါတိမောက္ခ သီလကို။ ဝိသောဓေန္တော။ သုတ်သင်ရှင်းလင်း၊စင်ကြယ်ခြင်း၌အလိုရှိသောသူသည်။ ဇီဝိတံ။ အသက်ကို။အပ္ပေဝဇဟေ။ကေန်မရွံ့စွန့်ရာ၏။လောကနာထေန၊လူသုံးသွယ်တို့၏ကိုးကွယ်ရာစစ်ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ပညတ္တံ၊ပညတ်တော်မူအပ်သော။သီလသံဝရံ။စောင့်သုံးအပ်သောသီလကို။နဘိန္ဒေ။ ညှိုးနွမ်းရုံလျက်။ မဖျက်ရာ။ ။ဤကားယောဇနာ။

ဤကားပါတိမောက္ခသံဝရသီလဝယ်ယထာရဟ
နိဒ္ဒေသကထာတည်း။

---

သောစစက္ခုနာရူပံဒိသွာ နနိမိတ္တဂ္ဂါဟီဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ယတွာဓိကရဏမေနံစက္ခုန္ဒြိယံအသံဝုတံဝိဟာရန္တံအဘိဇ္ဈာဒေါမနဿာပါပကာအကုသလာဓမ္မာအန္ဝာဿဝေယျုံ။ တဿသံဝရာယပဋိပဇ္ဇတိ၊ရက္ခတိစက္ခုန္ဒြိယံ၊စက္ခုန္ဒြိယေသံဝရံ အာပဇ္ဇတိ။ ။အစရှိသဖြင့် ဟော တော် မူ အပ်သော။ စက္ခု၊ သောတစ သော ဒွါရ ခြောက် ပါး။ တံခါး ခြောက်ပေါက်၌။ သတိ တည်း ဟူ သော တံခါး ရွက်ကို မြဲရှက်ပိတ်ထား သဖြင့်။ရူပ၊ သဒ္ဒစသော လောဘနိယ ဝိသဘာဂ အာရုံနှင့်တွေ့ကြုံပြားလည်း။အဘိဇ္ဈာဒေါမနဿတရား။ မဖြစ်

ပွါးရအောင်။စက္ခုစသောဣန္ဒြေခြောက်ပါးတို့ကိုစောင့်စည်း
ခြင်းသည်ဣန္ဒြိယသံဝရသီလမည်၏။

သောတိက္ခု။ ထိုပါတိမောက္ခသံဝရသီလ၌တည်သောရ
ဟန်းသည်။စက္ခုနာ။စက္ခုဝိညာဉ်ဖြင့်။ရူပံ။ရူပါရုံကို။ဒိသွာ။မြင်
၍။ နိမိတ္တဂ္ဂါဟီ။ ယောကျ်ားမိန်းမလှပယဉ်ကျေး၏ဟူသောအ
မှတ်ကိုယူလေ့ရှိသည်။နဟောတိ။မဖြစ်။အနုဗျဉ္ဇနဂ္ဂါဟီ။ အင်္ဂါ
ကြီးငယ်။အသွယ်သွယ်တို့။ရူစဘွယ်တောင်း။ ကောင်းမြတ်၏
ဟူသောအမှတ်ကိုယူလေ့ရှိသည်။နဟောတိ။ မဖြစ်။ ယတွာဓိ
ကာရဏံ။ ယတောအဓိကရဏံ။ အကြင်စက္ခုန္ဒြေကို မစောင့်
ရှောက်ခြင်းတည်းဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ။
စက္ခုန္ဒြေကို။အသံဝုတံ။မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရန္တံ။
နေသော။ဓိနံဘိက္ခုံ။ ထိုရဟန်းကို။အဘိဇ္ဈာဒေါမနဿာ။ အ
ဘိဇ္ဈာဒေါမနဿဟုဆိုအပ်ကုန်သော။ ပါပကာ။ယုတ်မာကုန်
သော။အကုသလာဓမ္မာ။အကုသိုလ်တရားတို့သည်။ အန္ဝာဿ
ဝေယျုံ။အစည်လိုက်ကုန်၏။တဿ။ ထိုစက္ခုန္ဒြေကို။ သံဝရာ
ယ။သတိတည်းဟူသောတံခါးဖြင့်ပိတ်ခြင်းငှါ။ပဋိပဇ္ဇတိ။ကျင့်
၏။စက္ခုန္ဒြိယံ။စက္ခုန္ဒြေကို။ရက္ခတိ။ စောင့်ရှောက်၏။ စက္ခုန္ဒြိ
ယံ။စက္ခုန္ဒြေ၌။သံဝရံ။စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ။ ရောက်
၏။ ။ဤကားယောဇနာ။

ဤဣန္ဒြိယသံဝရသီလကိုစောင့်သုံးကြသောအမျိုးကောင်း
သားတို့သည်။သတိတရားကိုရှေ့သွားပုဗ္ဗင်္ဂမပြုလျက်။ အနုရာ
ဓပြည်ခွင်သို့ဆွမ်းခံဝင်သော အရှင်မြတ်ကဲ့သို့။ မြင်တိုင်းသော
အာရုံ၌သာ တည်ခြင်း။ ကုရုဏ္ဍကလိုဏ်၌သီတင်းသုံးတော်မူ
သောအရှင်မြတ်ကဲ့သို့။ လေးတောင်ခန့်မျှသာရှုခြင်းတို့၌တည်
စေရာ၏။

သီဟိုဠ်ကျွန်း။စေတိယတောင်။တခုသောလိုဏ်၌။အနုရာဓ
မြို့ကို ဂေါစရဂံပြု၍။ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းနှလုံးသွင်း
လျက် သီတင်းသုံးနေလေ့ရှိသော မဟာတိဿမထေရ်သည်။

တရံရောအခါဆွမ်းခံခြင်းအကျိုးငှါ အနုရာဓပြည်သို့ ကြွတော်မူလာရာ။တဦးသောအမျိုးချွေးမသည်။မိမိ၏ခင်ပွန်းနှင့်မသာမကြည်ရှိ၍။ မိဘဆွေမျိုးတို့အိမ်သို့သွားတော့အံ့ဟု။ နံနက်စောစောကပင်လျှင်အဝတ်တန်းဆာ ပန်းမာလ်နံ့သာတို့ကိုဝတ်စားပြင်ဆင်။ဆင်ယင်လိမ်းကျံပြီးမှ။ နတ်သွီးပျိုပမာ။ အနုရာဓပြည်မှထွက်လာခဲ့ရာ။ လမ်းခရီး အကြားတွင် မထေရ်ကို မြင်လေလျှင်။ ရွှင်လန်းဝမ်းမြောက်။ ဘောက်ပြန်သော စိတ်ရှိသဖြင့်ပြင်းစွာသော ရယ်ရွှင်ခြင်းကိုပြုမိ၏။ မထေရ်လည်း။ ဤရယ်ရွှင်သည် ကား အသူနည်းဟု ကြည့်လတ်သော်။ ဖြူဆွထွားထွား၊ သွားရိုးတို့ကိုမြင်၍။ မိမိဆင်ခြင်သုံးသပ်ရင်း အသုဘသညာကိုနှလုံးသွင်းသဖြင့်။အဆင့်ဆင့်ဘါဝနာကိုပွါး၍။လမ်းခရီးအကြား၌ပင်လျှင်။ ခီဏာသဝအစစ်။ ရဟန္တာ အဖြစ်သို့ရောက်လေ၏။ ။ထို့ကြောင့်အဋ္ဌကထာ၌။ ။တဿာဒန္တဋ္ဌိကံဒိသွာပုဗ္ဗသညံအနုဿရိ။တတ္ထေဝသောဌိတောထေရော၊အရဟတ္တံအပါပုဏိ။ ။ဟူ၍မိန့်အပ်လေပြီ။ ။

သောထေရော။ ထိုမဟာတိဿမထေရ်သည်။ တတ္ထေဝ။ ထိုခရီးလမ်းအကြား၌ပင်လျှင်။ ဌိတော။ ရပ်တံ့တော်မူလျက်။ တဿာ။ထိုအမျိုးချွေးမ၏။ ဒန္တဋ္ဌိကံ။ဖြူဆွထွားထွား။သွားအရိုးကို။ ဒိသွာ။မြင်၍။ ပုဗ္ဗသညံ။ ရှေး၌စီးဖြန်းဆင်ခြင်ဘူးသောအဋ္ဌိကအသုဘသညာကို။အနုဿရိ။ဆင်ခြင်အောက်မေ့တော်မူ၏။အနုက္ကမေန။အစဉ်အားဖြင့်။ ဘာဝေတွာ။ ဝိပဿနာဘာဝနာကိုပွါး၍။အရဟတ္တံ။အရဟတ္တဖိုလ်သို့။ အပါပုဏိ။ရောက်တော်မူလေပြီ။ ။ဤကားယောဇနာ။ ။

ထိုအမျိုးချွေးမ၏ခင်ပွန်းသည်လည်း။ သွားရာခရီးကိုမှတ်၍။နောက်ထပ်လိုက်လာခဲ့ရာ။ မထေရ်ကိုတွေ့မြင်၍။အရှင်ဘုရား။ ဤခရီးအကြားဝယ်တဦးသောမိန်းမငယ်ကိုတွေ့မြင်ပါသလောဟုလျှောက်ထားလေလျှင်။ဥပါသကာ။ ဤခရီး၌သွားသောသူ

ကို။မိန်းမဟူ၍ဖြင်း၊ ယောကျ်ားဟူ၍ဖြင်း၊ ငါမသိလိုက်။စင်စစ် အားဖြင့်ကား။ အရိုးစုတခု၊ ရွရွတွား၍ သွားလေ၏ ဟုမိန့်ဆို တော်မူခြင်းဌါ။ ။နာဘိဇ္ဇာနာမိဣတ္ထိဝါ၊ပုရိသောဝါဣတောဂတော။ အပိစအဋ္ဌိသင်္ဃာဋော၊ ဂစ္ဆတေသမဟာပထေ။ ။ ဟူသောဂါထာကိုကျူးရင့်တော်မူ၏။ ။

ဥပါသက။ ဒါယကာ။ ဣတော။ ဤအရပ်မှ။ ဂတော။ သွားသော သူကို။ ဣတ္ထိ ဝါ။ မိန်းမ ဟူ၍ဖြင်း။ ပုရိသောဝါ၊ ယောကျ်ားဟူ၍ဖြင်း။နာဘိဇာနာမိ။ ငါမသိလိုက်။အပိစ။ငါ၏ အမြင်။စင်စစ်မူကား။ ဧသဧသောအဋ္ဌိသင်္ဃာဋော၊ ထိုအရိုးစု သည်။မဟာပထေ၊ခရီးမ၌။ဂစ္ဆတိ။ရွရွတွား၍သွားလေ၏။ ။ ဤကားယောဇနာ။ ။

ဓေးလွန်လေပြီးသောအခါ။သိဟိုဠ်ကျွန်း၌စိတ္တဂုတ္တအမည် ရှိသောမထေရ် တပါးသည်။ ကုရဏ္ဍကလိုဏ်ကြီးကိုအမှီပြု လျက်။ စက္ခုစသော ဣန္ဒြေတို့ကို မပျက်စေရ။ ငြိမ်သက်စွာ စောင့်ရှောက်လျက်။အနှစ်ခြောက်ဆယ်ကျော်ပတ်လုံးသီတင်း သုံးနေ့လျော်စံနေတော်မူ၏။ထိုကုရဏ္ဍကလိုဏ်ကြီး၌လည်း။ ခုနစ်ဆူကုန်သောဘုရားရှင်တို့၏တောထွက်ခန်းကို။ဆန်းဆန်း ကြယ်ကြယ်။ ရွှေချင်ဘွယ်သော ပန်းချီဆေး တို့ဖြင့် ရေးသား ခြယ်လယ် အပ်ကုန်၏။ အခါတပါး များစွာသော ရဟန်းတို့ သည်။ကိုယ်လက်ပူဆာ။ညောင်းညာလွတ်ကင်း။ကျန်းမာခြင်း အကျိုးဌါဖြင်း။ဆရာသမား။ဘုရားပုထိုး။ ရှိခိုးပူဇော်။ဖူးမြော်ရ ခြင်းအကျိုးဌါဖြင်း။ကျောင်းစဉ်လှည့်လည်။သေနာသနစာရီ။ကြွ ချီရောံလာတော်မူကြသဖြင့်။ ဆန်းကြယ်စွာသောပန်းချီဆေး ရေးရုပ်တို့ကိုမြင်၍။ အရှင်ဘုရား။ အရှင်ဘုရား၏ လိုဏ်ဝယ် ဆန်းကြယ်သောပန်းချီဆေးရေးတို့သည်ယည်ကျေးတင့်တယ်။ ဖွယ်ရာပေစွတကားဟုလျှောက်ကြားပြောဆိုကြလေလျှင်။ ငါ ရှင်တို့။ ဤလိုဏ်အတွင်းသီတင်းသုံးနေသည့်မှာအနှစ်ခြောက် ဆယ်ကျော်ကြာပေပြီ။ ပန်းချီဆေးရေးရုပ်တို့ ရှိကြောင်း မရှိ

ကြောင်းကိုကောင်းစွာငါမသိလေ။ယနေ့မှပင်မျက်စိမြင်သော ငါ့ရှင်တို့ရောက်လာကြသဖြင့် သိရပေ၏ ဟုမိန့်တော်မူ၏။ ထို စိတ္တဂုတ္တမထေရ်ကြီးသည်။ အနှစ်ခြောက်ဆယ်ကျော်ကာလ ပတ်လုံးသီတင်းသုံးတော်မူပြားသော်လည်း။ ဝဲယာရှေ့နောက် ထက်အောက်ဗိလာ ဖြစ်သော အရပ်တို့ကို လေးတောင်ခန့်မျှ သာအခါခပ်သိမ်းရှုကြည့်တော်မူလေ့ရှိ၏။ထိုဏာ့ကိုဂုဏ်း။ထိုဏာ တံခါး၏အနီး ကံ့ကော်ပင်ကြီးကိုဂုဏ်း မော်၍မျှမရှုကြည့်စဖူး။ တန်းရှူးလအခါ။ ချပ်ယွှာဝတ်ဆံတို့ကြွေ၍မြေ၌တည်သည်ကို မြင်မှကံ့ကော်ပင်ပွင့်ကြောင်းကိုသိရ၏။ ထိုစိတ္တဂုတ္တမထေရ် ကြီး၏ သီလသမာဓိဂုဏ်နှင့် ပြည့်စုံသောဖကျေးဇူးသီတင်းကို မင်းကြီးကြားတော်မူလေလျှင်။ ဖူးမြင်လိုသော ကြောင့် သုံး ကြိမ်တိုင်တိုင် မှူးမတ်တို့ကို စေလွှတ်ပင့်ဆောင်စေရာ။ ကြွ လာတော်မမူသောကြောင့်။ မဟာဂါမ၌ နို့စို့ရှယ် သားငယ် ရှိသော မိခင်တို့ကို ရင်၌ဘွဲ့စည်းပြီးမှ။ တံဆိပ်အမှတ်နှိပ်ခတ် စေ၍။ မထေရ်မကြွလာသမျှကာလပတ်လုံး သူငယ်တို့ကိုနို့မ တိုက်မကျွေးရဟူသော မင်းအာဏာကိုကြပ်တည်းစွာထုတ် ပြန်ဆင့်ဆိုတော်မူစေ၏။ မထေရ်ကြီးသည်လည်း သူငယ်တို့ အားသနားတော်မူသောကြောင့်။မင်းကြီးပင့်ဆောင်ရာမဟာ ဂါမသို့ ကြွတော်မူလာ၏။ မင်းကြီးလည်း မထေရ်ကြွလာ ကြောင်းကိုကြားသိတော်မူလျှင်။ ရွှင်လန်းဝမ်းမြောက်စွာ။ မှူး မတ်တို့ကိုစေလွှတ်၍။ နန်းတော်တွင်းသို့ သွင်းဆောင်ပင့်ခေါ် စေ၍။ ရှိသေလေးမြတ်။ တုပ်ဝပ်ရိုကျိုး။ရှိခိုးပြီးမှ။ မြိန်မြတ်လှ သောဘောဇဉ်ခဲဘွယ်တို့ဖြင့်လှူဒါန်းလုပ်ကျွေး၍။အရှင်ဘုရား။ ယနေ့ကားသီလခံယူဆောက်တည်အံ့သော၌ါအခါမရှိပြီ။နက် ဖြန်မိုးသောက်ရောက်သောအခါမှ ကောင်းစွာဆောက်တည် ပါအံ့ဟုလျှောက်၍။ မင်းကြီးကိုယ်တိုင်သပိတ်ကိုထမ်းလျက်။ မိဖုရားကြီးနှင့်တကွ ခရီးအတန်ငယ်ပို့လိုက်ပြီးမှ။ ရှိခိုးလျက် နေရစ်ကြကုန်၏။မထေရ်လည်း။ထိုနည်းတူစွာ။ခုနစ်ရက်ပတ်

လုံးနန်းတော်တွင်းဝယ် သီတင်းသုံးနေတော်မူခိုက်။ မင်းကြီးလာရောက် ရှိခိုးသောအခါ၌လည်း။ သုခီဟောတုမဟာရာဇ။ တကာတော်မင်းကြီး၊ ချမ်းသာစေသတည်းဟူ၍ဆုပေးတော်မူ၏။မိဖုရားကြီးလာရောက်ရှိခိုးသောအခါ၌လည်း။ သုခီဟောတုမဟာရာဇ။တကာတော်မင်းကြီး၊ ချမ်းသာစေသတည်းဟုဆုပေးတော်မူ၏။ထိုအကြောင်းကို တပည့်ရဟန်းတို့လျှောက်ထားလေလျှင်။ ငါ့ရှင်တို့။ငါတမူကား။ မင်းကြီးဟူ၍၎င်း။မိဖုရားကြီးဟူ၍၎င်း။ သီးသန့်ပိုင်းခြား မှတ်သားခြင်းကို မပြုမိဟုမိန့်တော်မူ၏။မင်းကြီးသည်လည်း။ ခုနစ်ရက်လွန်လတ်သော်။ ဤအရပ်၌ မထေရ် သီတင်း သုံးနေရခြင်းသည် ဆင်းရဲလေယောင်တကားဟု။ကုရဏ္ဍကတောင်သို့ပြန်၍ပို့လေ၏။မထေရ်မြတ်လည်း။ညဉ့်ဦးယံ၌စင်္ကြံသို့တက်တော်မူလျှင်။ကံ့ကော်ပင်၌အမြဲစောင့်သောနတ်သားသည်။ဤမထေရ်၏သီလစင်ကြယ်ခြင်းသည်အံ့ဩဘွယ်ရှိလေစွ တကားဟု များစွာကြည်ညိုသဖြင့်။ ဆီမီးတိုင်ကို ကိုင်လျက်ရပ်လာ၏။ မထေရ်အားလည်း။ ကြည်လင်စင်ကြယ်သောကမ္မဋ္ဌာန်းသည် ဉာဏ်၌ထင်လာသဖြင့်။ ရွှင်လန်းဝမ်းမြောက်စွာ စီးဖြန်းတော် မူလေသော်။ သန်ခေါင်ယံအဆုံး၌ တောင်အလုံးကို ပဲ့တင်ထပ်စေလျက် အရဟတ္တဖိုလ်သို့ရောက်တော်မူလေ၏။ ။

ဤပြဆိုအပ်ပြီးသော ဝတ္ထုထုံးပုံကို။ယုံကြည်မြတ်နိုးသောအမျိုးကောင်းသားတို့သည်။ သတိတရားကို ရှေ့သွားပုဗ္ဗင်္ဂမပြုလျက်။စက္ခုစသောဣန္ဒြေတို့ကို။ကောင်းစွာစောင့်ရှောက်ကုန်ရာသည်။ သမင်တောမျောက်။ကြောက်သေသူငယ်တို့ကဲ့သို့လျှပ်ပေါ်သောဣန္ဒြေမရှိကြရာ။ ။မက္ကဋောဝအရညမှိ၊ ဝနေဘန္တောမိဂေါဝိယ။ဗာလောဝိယစဉ္တြသ္တော၊ နဘဝေလောဠုလောစနော။ ။

အရညမှိ။ ခက်ကြိုင်းဝေဆာ။ ဟေမာတကြော။ရေစာပေါသော။တောအရပ်၌။မက္ကဋော၊ချန်ပျံပေါ့ပေါ့။ပုံဟန်ကြော့နှင့်။

ဆော့သောမျောက်ကဲ့သို့ရင်း။ ဝနေ။ပင်လတ်တဆင့်။ ပင်မြင့်တကြော။စေးချုံနွှောသောတောခ္ဓ၊ဘန္တော။ရပ်တံ့မနေ။ဈာန္တြေမချုပ်။လွန်တုန်လှုပ်သော။မိဂေါဝိယစ။ချိုတချိချို။လည်တမော့မော့။ ကိုယ်ကြော့ကြော့နှင့်။ ပြေးတော့မည်သွင်။ ပုံဟန်ဆင်သောသမင်ကဲ့သို့ရင်း။ဥတြဲဒွေ့ာ။ ထိတ်ထိတ်လန့်လန့်။ စိတ်မသန့်သော။ဗါလောဝိယစ။ကွေးလွေးနုနယ်။သူငယ်ကဲ့သို့ရင်း။လောဠုလောစနော။ မငြိမ်မသက်။ အပျက်တချော်။ လျှပ်ပေါ်သောမျက်စိရှိသည်။ နဘဝေ။ ခါ'ဘာရံပေ။ မဖြစ်စေရာ။ ။ဤကားယောဇနာ။ ။

ဤကားဈာန္တြိယသံဝရသီလဝယ်ယထာရဟာ
နိဒ္ဒေသကထာတည်း။

---

အာဇီဝဟောတုအာဇီဝကာရဏာပါပိစ္ဆောဈာန္တာပကတော။ အစရှိသဖြင့် ဟောတော်မူအပ်သော။ အသက်မွေးခြင်းနှင့်စပ်သောသိက္ခာပုဒ်တော်တို့ကိုကျော်နင်းကျူးလွန်သဖြင့်ရင်း။ ကုဟန၊ လပန၊ သာမန္တ၊ ဇပ္ပန၊ ပရိကထာ၊ ဩဘာ၊ နိမိတ်စသည်တို့ကိုပြုသဖြင့်ရင်း။ ဖြစ်သော ပစ္စည်းတို့ကို သုံးဆောင် ခြင်းသည် မိစ္ဆာဇီဝ မည်၏။ ထိုမိစ္ဆာဇီဝမှ ကြဉ်ခြင်းသည် အာဇီဝ ပါရိသုဒ္ဓိသီလမည်၏။ ထိုအာဇီဝပါရိသုဒ္ဓိသီလကို စောင့်ရှောက်လိုသောအမျိုးကောင်းသားတို့သည်။ ကုလုပကာရဟန်းကဲ့သို့မဖြစ်စေမူ၍။ ပိရိယတရားကိုရှေ့သွားပုဗ္ဗင်မပြုလျက်။အရှင်မဟာသာရိပုတ္တရာရဟန္တာမထေရ်ကြီးတို့နည်းကို ယူကျင့်ရာသည်။

ကုလုပကာရဟန်းတပါးသည်။ ဆွမ်းစားလိုသော ကြောင့်။ တဦးသောအမျိုးအိမ်သို့ဝင်၍ထိုင်နေသည်ကိုအိမ်ရှင်ဒါယိကာမမြင်လေသော်။မပေးလှူလို၊ဝန်တိုသောကြောင့်။ ဆန်များမရှိပါလေ။ ရှာဘွေရဦးမည်ဟုတောက်တီးမြည်တွန်ခါ။ ဆန်ရှာကျွန်ပြု၍၊ အနီးအပါးရှိအိမ်များသို့ထွက်သွားလေ၏။ ကုလုပကာ

ရဟန်းလည်းတိုက်ခန်းတွင်းသို့ဝင်၍ကြည့်ရှုရှာသော်ရော။ တံခါး ထောင့်ကြား၌ ထောင်လျက် ထားသော ကြိမ်ချောင်းကို ၎င်း။ ခွက်တချ၌ ထားသော တင်လဲခဲကို၎င်း။ ခြင်းတောင်း၌ ထားသော ငါးခြောက်ပြားတို့ကို၎င်း။ ဆန်အိုး၌ဆန်ကို၎င်း။ ထောပတ်အိုး၌ထောပတ်ကို၎င်း တွေ့မြင်ပြီးမှ။ တဘန်ပြန်၍ထိုင်နေလေ၏။ ဒါယိကာမကြီးသည်လည်း။အရှင်ဘုရား။ အနီးအပါး အိမ်များ၌ ဆန်ချေး၄ါးပါသော်လည်း။ လှူရကံမဖန်တိုး၍။ အနည်းငယ်မျှမရခဲ့ပါဟုဆိုလေလျှင်။ထြော်-ဒါယိကာမကြီး။ယနေ့ဆွမ်းဘိတ်၍မရမည်ကို စောစောကပင် ငါနိမိတ်ထင်ခဲ့၏။ သင်၏အိမ်တံခါးကြား၌ ထောင်လျက် ထားသော ကြိမ်ချောင်း ကြီးနီးနီး။ မြွေဟောက်ကြီး တကောင်ကိုတွေ့၍ ချောက်လှန့်ပုတ်ခတ်မည်ဟုရှာဖွေရော။ ခွက်၌ထားသောတင်လဲခဲလောက် နီးနီးကျောက်ခဲကြီးကိုတွေ့သဖြင့်။ကောက်ယူပစ်ခတ်ချောက်လှန့်လေလျှင်။ ခြင်းတောင်း၌ထားသောငါးခြောက်ပြားခန့်ပါးပျဉ်းကိုကားလျက်။ဆန်အိုး၌ထားသောဆန်စေ့များအရွယ်။အစွယ်ပြူးရရှုးထွက်၍။ အမျက်ဒေါသကြီးမားလှသောကြောင့်။ ထောပတ်အိုး၌ထားသောထောပတ်ပမာဏ။ အဆိပ်နှင့်တကွသောတံတွေးများထွက်သည်ကို နံနက်ကပင် ငါနိမိတ်ထင်ခဲ့ပြီဟုဆိုလေလျှင်။ အိမ့်ရှင်ဒါယိကာမ ကြီးသည်လည်း။ ဤဦးပြည်းကိုလှည့်ပတ်ခြင်း၄ါ မတတ်နိုင်ပါဆို၍။ ကြိမ်ကိုရှေးဦးစွာပေးထား၍။ ဆွမ်းများချက်ပြုတ်ပြီးမှ။ ထောပတ်၊ တင်လဲ၊ ငါးခြောက်ပြားအစုံနှင့်။အကုန်ပင်လှူဒါန်းရလေ၏။ ။ဤကုလုပကရဟန်းကဲ့သို့။ အာဇီဝပါရိသုဒ္ဓိသီလကို မစောင့်ရှောက်ဘဲ။ ပစ္စည်းကိုသာ ခင်မင်တွယ်တာသဖြင့်။ ရရာရကြောင်း ရစ်ပတ်ပြောဆိုခြင်းကိုမပြုမလုပ်ကြရာ။

အခါတပါး။ဘုရားမြတ်စွာ၏။ဝဲ-ယာ-တော်ရံ။ အရှင်မဟာသာရိပုတ္တရာနှင့်။ အရှင်မဟာ မောဂ္ဂလာန်။ ထေရ်ပျံနှစ်ပါးတို့သည်။ ဝိဝေကတရားကိုခံစားခြင်းအကျိုး၄ါ တချသောတော

အရပ်သို့ကပ်၍ သီတင်းသုံးတော်မူကြစဉ်။ အရှင်မဟာသာရိ
ပုတ္တရာအားသည်းစွာသောလေရောဂါ၊ ဖြင်းစွာနှိပ်စက်လတ်
သည်ကို အရှင်မောဂ္ဂလာန်မြင်တော်မူ၍။ ငါ့ရှင်- ဤသို့သော
လေရောဂါကို အဘယ်မည်သောဆေးတို့ဖြင့် ရှေးကပျောက်
ဘူးပါသနည်းဟု မေးလျှောက်လေလျှင်။ ငါ့ရှင်-ရှေးငယ်ရွယ်
စဉ်အခါ။ ဤကဲ့သို့လေရောဂါစွဲကပ်ရာတွင်။ငါ၏မိခင်။ ကျေး
ဇူးရှင်သည်။ သကာ၊ သကြား၊ပျားရည်၊ ထောပတ်တို့ဖြင့်ယှဉ်
စေလျက်။ ရေမရောရှက်။ သက်သက်သော နို့ဖြင့် ချက်အပ်
သောဃနာထမင်းကိုပေး၍ ရှေးကချမ်းသာရဘူးသည်ဟု မိန့်
တော်မူလေလျှင်။အရှင်မဟာမောဂ္ဂလာန်သည်လည်း။ကောင်း
လှပြီငါ့ရှင်။သင်နှင့်ငါ့မှာ။သံသရာက။ကောင်းစွာဆည်းပူး။ ကု
သိုလ်ထူးရှိပါလျှင်။ နံနက်ခါရလတ္တံ့ဟု အချင်းချင်း ပြောဆို
လျှောက်ထားသောစကားသံကို။ ကြောင်ဦးသင်ပင်တွင်အစဉ်မ
ပြတ် နေသော နတ်သား ကြားသိလေ၍။ နံနက်ခါပင် အရှင်
ကောင်းအား ဃနာဆွမ်းကိုဖြစ်စေအံ့ဟုနှလုံးပြုပြီးမှ။ ထိုခဏ၌
ပင်လျှင် အရှင်မဟာသာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော။
တဦးသော အမျိုးအိမ်သို့သွား၍။ သားကြီး၏ကိုယ်တွင် ပူးဝင်
ချဉ်းကပ်၍။ နှိပ်စက်ညှဉ်းပန်းခြင်းရှိခြင်းကိုဖြစ်စေ၏။ ဆွေမျိုး
အပေါင်းတို့သည်။သောင်းသောင်းညီညာ။မေးမြန်းလာသော်။
နက်ဖြန်ခါပင်။ အရှင်မြတ်အား၊ သကာ၊ သကြား၊ ပျား ရည်၊
ထောပတ်တို့နှင့် ယှဉ်စေလျက်။ ရေမရောရှက်။ သက် သက်
သောနို့ဖြင့်ချက်အပ်သော ဃနာဆွမ်းကို လှူဒါန်းဆက်ကပ်ပါ
လျှင် ချမ်းသာစေအံ့ဟုဆိုလေ၏။ ဆွေမျိုး အပေါင်းတို့လည်း။
သင်မဆိုဘဲလျက်ပင်။ အရှင်မြတ်တို့အား မပြတ်လုပ်ကျွေး လှူ
ဒါန်းပါ၏ဟုဆို၍။ နှစ်ရက်မြောက်သောနေ့၌။ ထိုသို့သဘောရှိ
သောနို့ဃနာကိုကောင်းစွာပြုပြင်စီရင်ကြကုန်၏။ အရှင်မဟာ
မောဂ္ဂလာန် သည်လည်း။ စောစောကပင်။ အရှင်မဟာသာရိ
ပုတ္တရာထံသို့သွား၍။ ငါ့ရှင်-ဆွမ်းခံခြင်း၌ ရွာတွင်းသို့ ဝင်ပါ

တော့အံ့။မပြန်လာမှီအကြား။အရပ်တပါးသို့မပဲသွားမှု၍။ ဤအ
ရပ်တွင်သာ သီတင်းသုံးရစ်ပါဟုလျှောက်ထားပြီးလျှင် ရွာသို့
ဝင်လေ၏။ လူအပေါင်းတို့ သည်လည်း။ ခရီးဦးကြို ဆိုလျက်။
မထေရ်၏သပိတ်ကိုလှမ်းယူပြီးမှ နို့ဃနာဖြင့်ပြည့်စေ၍ပေးလှူ
ကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်လည်းပြန်ကြွမည်အခြင်းအ
ရာကိုပြုလျှင်။ အရှင်ဘုရား။ကြွသွားတော်မမူပါလင့်။ ဤနို့ဃနာ
ကိုဤအရပ်တွင်သာ ဘုန်းပေးသုံးဆောင်တော်မူပါ။ ပြီးကာလ
မှအသစ်တဘန် ထပ်မံ လှူဒါန်းပါဦးမည်ဆို၍ လုပ်ကျွေးကြပြီး
မှ။ သပိတ်ကို ပြည့်စေလျက် အသစ်တဘန် ထပ်မံလှူဒါန်းကြ
ကုန်၏။ မထေရ်သည်းယူဆောင်ပြီးလျှင်။ ငါ့ရှင်သာရိပုတ္တရာ။
ယခုအခါ ဤနို့ဃနာကို သုံးဆောင်တော်မူပါဟု ပေးအပ်လေ
၏၊ အရှင်မဟာသာရိပုတ္တရာလည်း။ဤနို့ဃနာသည်လွန်စွာမြိန်
မြတ်ပေ၏။ဘယ်သို့မှု၍ဖြစ်လာသနည်းဟုဆင်ခြင်လတ်သော်။
နို့ဃနာ၏ဖြစ်ရာအကြောင်းရင်းကိုမြင်သဖြင့်။ငါ့ရှင်မောဂ္ဂလာန်။
ဤနို့ဃနာသည်သုံးဆောင်ခြင်းငှါ မထိုက်ဟုပယ်လိုက်လေ၏။
အရှင်မောဂ္ဂလာန်သည်လည်း။ ငါကဲ့သို့သောသူဆောင်ယူလှူ
ဒါန်းသော ဃနာဆွမ်းကို မသုံးဆောင်ချေ။ ပယ်လေသည်တ
ကားဟုသောစိတ်ကိုမျှမဖြစ်စေဘဲ။တခွန်းတည်းသောစကား
နှင့်ပင် သပိတ်အနားရေးကို ဆွဲငင်လျက် သင့်ရာအရပ်၌ သွန်
မှောက်လိုက်၏။ နို့ဃနာမြေသို့ ရောက်သည်နှင့် တပြိုင်နက်။
မထေရ်၏ဝေဒနာလည်းချမ်းသာကွယ်ပျောက်လေ၏။ ထိုမှစ
၍။ လေးဆဲ့ငါးနှစ်ပတ်လုံးတဘန်ပြန်၍ ဖြစ်ခြင်းမည်သည်မရှိ
ပြီ။ ။ထို့နောက်မှ။အရှင်မောဂ္ဂလာန်ကိုခေါ်တော်မူ၍။ ငါ့ရှင်
မောဂ္ဂလာန်။ဝစီဝိညတ်ကိုမှီ၍ဖြစ်သောနို့ဃနာကို။ ငါ၏အူခွေ
တို့သည်မြေသို့သက်အောင်ထွက်ကုန်ငြားလည်း။ စားသောက်
သုံးဆောင်ခြင်းငှါ မထိုက်လေဟု မိန့်တော်မူပြီးမှ။ ။ဝစီ
ဝိညတ္တိဝိပ္ဖါရာ၊ဥပ္ပန္နံမဓုပါယါသံ။သစေဘုတ္တောဘဝေယျာဟံ၊
သာဇီဝေါဂရဟိတောမမ။ ။ယဒိပိမေအန္တဂုဏံ၊နိက္ခမိတွာ

ဗဟိစရေ။ နေဝဘိန္ဒေယျံအာဇီဝံ၊စဇမာနောပိဇီဝိတံ။ ။ဟူ
သောဥဒါန်းကိုကျူးရင့်တော်မူ၏။

အာဝုသော။ငါ့ရှင်မောဂ္ဂလာန်။ဝစီဝိညတ္တိဝိပ္ဖါရာ။နှုတ်မြွက်ခြင်းအကြောင်းကြောင့်။ဥပ္ပန္နံ။ဖြစ်သော။ မဓုပါယာသံ။နို့ဃနာကို။အဟံ။ငါသည်။ဘုတ္တော။စားသည်။ စေဘဝေယျ။ အကယ်၍ဖြစ်ငြားအံ့။မမ။ငါ၏။အာဇီဝေါ။ အသက်မွေးခြင်းသည်။ ဂရဟိတော။ ကဲ့ရဲ့အပ်သည်။ အသော။ဖြစ်ရာ၏။ ။မေမမ။ ငါ၏။ အန္တဂုဏံ။အူမွေသည်။နိက္ခမိတွာ။ထွက်၍။ ဗဟိ။အပ၌။ယဒိပိစရေ။အကယ်၍လည်းကျအံ့။ ဇီဝိတံ။ အသက်ကို။စဇမာနောပိ။စွန့်ရသော်လည်း။အဟံ။ငါသည်။ အာဇီဝံ။အာဇီဝကို။ နေဝဘိန္ဒေယျံ။မဖျက်လိုပြီ။ ။ဤကားယောဇနာ။

ဤအရာ၌။ အရှင်မဟာသာရိပုတ္တရာသည် နို့ဃနာကိုပယ်တော်မူသည်မှာ။အတိဥက္ကဋ္ဌ သလ္လေခပဋိပတ္တိ အကျင့်ရှိသောပုဂ္ဂိုလ်ဖြစ်၍သာပယ်တော်မူသည်။ နို့ဃနာကား ဝိညတ်ပြု၍ဖြစ်သည်မဟုတ်။ အရှင်မောဂ္ဂလာန်သုံးဆောင်တော်မူသည့်ကိုထောက်လေ။ အရှင်မောဂ္ဂလာန် သုံးဆောင်တော် မူသည်မှာလည်း။ အကြောင်းကို မဆင်ခြင်မိ၍သာ သုံးဆောင်တော် မူသည်။အတိဥက္ကဋ္ဌ သလ္လေခပဋိပတ္တိ အကျင့်ထူးမရှိ၍ မဟုတ်။ အရှင်သာရိပုတ္တရာပယ်တော်မူသည့်ကိုထောက်လေ။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကို ယုံကြည်မြတ်နိုးသောအမျိုးကောင်း သား တို့သည်။ အသက် ဟူသော အကြောင်းကြောင့်ပင်ဖြစ်လင့်ကစား။ အာဇီဝပါရိသုဒ္ဓိသီလကိုမဖျက်ရာ။ အသက်ကိုသာမညှာမထောက်။မကြောက်မရွံ့။စွန့်ကုန်ရာ၏။

ဤကားအာဇီဝပါရိသုဒ္ဓိသီလဝယ်ယထာ
ရဟာနိဒ္ဒေသကထာတည်း။

---

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝသီတဿပဋိဃာတာယာတိအာဒိနာနယေနဝုတ္တော ပဋိသင်္ခါနပ

ရိသုဒ္ဓေါစတုပစ္စယပရိဘောဂေါပစ္စယသန္နိဿိတသီလံနာမ။ ။ ဟူ၍ဟောတော်မူအပ်သော။ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သောအခါတို့၌ဆင်ခြင်သည့်၏အစွမ်းအားဖြင့်စင်ကြယ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြောင်းဖြစ်သော စေတနာသည်။ပစ္စယသန္နိဿိတသီလမည်၏။ ။ထိုပစ္စယသန္နိဿိတသီလကိုစောင့်ရှောက်ဆောက်တည်လိုသောအမျိုးကောင်းသားတို့သည်။ပညာတရားကိုရှေ့သွားပုဗ္ဗင်္ဂမပြု၍။အစာအာဟာရတို့၌တပ်မက်မောသောလောဘစိတ်ကိုမဖြစ်စေမူ၍။ ဘာဂိနေယျသံဃရက္ခိတ သာမဏေတို့ကဲ့သို့ ဆင်ခြင်သုံးဆောင်ကုန်ရာသည်။

မဟာသံဃရက္ခိတ မထေရ်ကြီး၏ တူဖြစ်သော။ ဘာဂိနေယျသံဃရက္ခိတသာမဏေသည်။ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်သောအခါတို့၌။ ပစ္စဝေက္ခနာဆင်ခြင်ကာ သုံးဆောင်လေ့ရှိ၏။ တနေ့သ၌။ အလွန် ဧးမြသော သလေးဆွမ်းကို သုံးဆောင်နေရာတွင်။ ဥပဇ္ဈာယ်ဆရာမြတ်က။ ငါ့ရှင်သာမဏေ။ ဤသလေးဆွမ်းသည် သင်၏လျှာကို မပူလောင်စေလင့်ဟု ဆိုသောစကားကိုကြားသဖြင့်။သံဝေဂတရားကိုရ၍။ဘာဝနာကိုထပ်ဆင့်ပွါးသဖြင့်။ ထိုနေရာ၌ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်လေ၏။

ဤပြဆိုအပ်ပြီးသောဝတ္ထုထုံးပုံကိုယုံကြည်မြတ်နိုးသောအမျိုးကောင်းသားသို့်းတို့သည်။ ပစ္စည်းလေးပါးတို့ကိုစားသောက်သုံးဆောင်သောအခါတို့၌။ ပညာတရားကို ရှေ့သွား ပုဗ္ဗင်္ဂမပြုလျက်။ရိက္ခာကုန်ခန်း၍။ ခရီးလမ်းအကြား၌။ သား၏အသားကိုစားရသောမိခင်တို့ကဲ့သို့ရင်း။ လှည်းဝင်ရိုး၌ လှည်းစာ ထိုးသကဲ့သို့ရင်း။ ခင်မင်တွယ်တာ။ သာယာမက်မောသောစိတ်ကိုမဖြစ်စေမူ၍ ဆင်ခြင်သုံးဆောင်ကုန်ရာ၏။ ။ကန္တာရေပုတ္တမံသံဝ၊ အက္ခဿဗ္ဘဉ္ဇနံယထာ။ ဧဝံအာဟာရေအာဟာရံ၊ ယာပနတ္ထမမုစ္ဆိတော။

ကဏ္ဍာဝရေ။ရိက္ခာကုန်ခန်း။ ခရီးလမ်း၌။ ပုတ္တမံသံ။ ရင်သွေးအစစ်။ ချစ်လှသောသား၏အသားကို။ဘက္ခန်ဏ္ဍဝစ။ မဝါးမမျို။ မစားလိုလျက်။အသက်မသေ။တည်နေရုံမျှ။စားလေရသကဲ့သို့ ၎င်း။ အက္ခသာ။ မောင်းနှင်မမြန်။ အသံဆိုးဆိုး။လှည်းဝင်ရိုးကို။ အဗ္ဘဉ္ဇန်ယထာစ။သာသာညင်ညင်။ မောင်းနှင်မြန်မြန်။ အသံမဆိုး။လှဉ်းစာထိုးသကဲ့သို့၎င်း။ဝေံတထာ။ထို့အတူ။ယာပနတ္ထံ။ ဇီဝိတိန္ဒြေ။မြင့်ရှေကာလ။မျှတခြင်းအကျိုး၌။အမုစ္ဆိတော။ ရသတဏှာ။မပါမရော။မမက်မောသည်ဖြစ်၍။ အာဟာရံ။ တွေ့ကြုံသမျှ။အာဟာရကို။အာဟာရေ၊ အာဟာရေ ယျ။ ဆင်ခြင်တိုင်းထွာ။သုံးဆောင်ရာ၏။ ။ဤကား ယောဇနာ။ ။

ဤကားပစ္စယသန္နိဿိတသီလဝယ်ယထာရဟာ
နိဒ္ဒေသကထာတည်း။

—o—

နိဗ္ဗာန်ချမ်းသာကို လွန်စွာတောင့်တကုန်သော၊ ဥပါသကာ၊ ဥပါသကီတို့မှာလည်း။ ထုတ်ဆောင် ပြဆိုအပ်ပြီးသော ဝတ္တုအာဂုံ၊ ထုံးပုံအခန်းခန်းတို့၌၊ ရဟန်းသာမဏေတို့သာတိုက်ရိုက်ပါသဖြင့်၎င်း။စတုပါရိ၊ သုဒ္ဓိမည်ရ၊ သီလလေးဖုံသည်၊လူတို့နှင့်မဆက်ဆံ။ ရဟန်းတို့နှင့်သာထိုက်တန်သည်ဟု၊ နှလုံးပြုကြသဖြင့်၎င်း။ ငါတို့နှင့် မသက်ဆိုင်၊ မကျင့်ပိုင်ဟူသော အယူကိုမဖြစ်စေမူ၍။ လူဝတ်နှင့်ပင်၊ နိဗ္ဗာန်ခွင်သို့။ ဝင်ပျော်စံစားသော၊ ယောကျ်ားမိန်းမတို့၏ထုံးကိုနှလုံးပြုကြသဖြင့်။မိမိတို့ရသင့်၊ ရထိုက်သမျှ၊ သီလလေးပါးတို့ကို၊ ပြဆိုအပ်ခဲ့ပြီးသော မထေရ်မြတ်တို့အလားကြိုးစားကျင့်ကြံနိုင်ပါမှ၊ ချမ်းသာတကာတို့၏အထွတ်ဝန္နှင့်မစပ်၊မြတ်လှသောချမ်းသာ၊ ပြည်ခေမာသို့၊မြန်စွာရောက်ကြရကုန်မည်ဟုမှတ်လေ။ ။

ဤကားသီလဝယ်ယထာရဟာ
နိဒ္ဒေသကထာတည်း။

—၁—

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားသုံးပါးတို့တွင်။ သီလ၏ အခြားမဲ့၌ ထုတ်ဆောင် ပြဆိုအပ်သောသမာဓိသည်။ ဥပစာရသမာဓိ၊အပ္ပနာသမာဓိဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။အါနာပါနဿတိနှင့်ကာယဂတါသတိနှစ်ပါးမှတပါးသောအနုဿတိ၈ပါး။ အာဟာရေပဋိကူလ သညာတပါး။စတုဓါတုဝဝတ္ထာန်တပါး။ဤဆယ်ပါး၌ဖြစ်သောကောဂ္ဂတာ စေတသိက်သည်ရင်း။ အပ္ပနာ သမာဓိ၏ ရှေ့အဘို့၌ဖြစ်သောကောဂ္ဂတာစေတသိက်သည်ရင်း။ဥပစာရသမာဓိမည်၏။ ဈာန်ဇော မဂ်ဇောတို့၌ရှိသော ကောဂ္ဂတာ စေတသိက်သည် အပ္ပနာသမာဓိမည်၏။

တနည်းလောကီသမာဓိ။လောကုတ္တရာသမာဓိအားဖြင့်နှစ်ပါးပြား၏။ထိုနှစ်ပါးတို့တွင်။ကာမ၊ရူပ၊ အရူပကုသိုလ်၌ရှိသောကောဂ္ဂတာစေတသိက်သည် လောကီသမာဓိ မည်၏။ မဂ်၌ရှိသောကောဂ္ဂတာစေတသိက်သည် လောကုတ္တရာသမာဓိ မည်၏။

တနည်းဒုက္ခပဋိပဒါဒန္ဓာဘိညာသမာဓိ၊ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိ၊ သုခပဋိပဒါဒန္ဓာဘိညာသမာဓိ၊ သုခပဋိပဒါ ခိပ္ပါဘိညာသမာဓိဟူ၍လေးပါးပြား၏။ ထိုလေးပါးပြားရာ၌။ ရှေးဦးမဆွပဌမကမ္မဋ္ဌာန်းကိုနှလုံးသွင်းသည်မှစ၍။ ထိုထိုဈာန်၏ဥပစာဟုဆိုအပ်သောဘာဝနာ၏ မြဲမြံခိုင်ခံ့ တည်တံ့သည် တိုင်အောင်ဖြစ်သောသမာဓိတရားကိုပွားခြင်းသည်ပဋိပဒါမည်၏။ဥပစာမှစ၍အပ္ပနာတိုင်အောင်ဖြစ်သောပညာသည်အဘိညာမည်၏။ ထိုပဋိပဒါအဘိညာတို့သည်။အသပ္ပါယကိုမှိဝဲခြင်း၊ မမှိဝဲခြင်း။ ပလိဗောဓကိုဖြတ်ခြင်း၊ မဖြတ်ခြင်း။အပ္ပနာ၌လိမ္မာခြင်း၊မလိမ္မာခြင်း။တဏှာအဝိဇ္ဇာတရားတို့နှိပ်စက်ခြင်း၊မနှိပ်စက်ခြင်း၏အစွမ်းအားဖြင့်ရင်း။ သမထ၌ဆုတောင်းရှိခြင်း၊ မရှိခြင်း။ ဝိပဿနာ၌ဆုတောင်းရှိခြင်း၊ မရှိခြင်း၏ အစွမ်းအားဖြင့်ရင်း။ ဒုက္ခပဋိပဒါ၊ သုခပဋိပဒါ၊ ဒန္ဓာဘိညာ၊ ခိပ္ပါဘိညာတို့သည်ယထာရဟဖြစ်

ကြကုန်၏။ ထိုသမာဓိတရားတို့တွင်။ လောကုတ္တရာသမာဓိ၏ ပွါးများစီးဖြန်းပုံနည်းသည်။မဂ်ပညါကိုစီးဖြန်းရာ၌အတွင်းဝင် ပြီးဖြစ်၍အထူးထုတ်ဆောင်ပြဆိုဘွယ်မရှိပြီ။ မဂ်ပညာကိုပြရာ ၌ထင်စွာဖြစ်လတ္တံ့။

လောကီသမာဓိတရားကို ပွါးများစီးဖြန်းလိုသော သမထ ယောဂီ တိဟိတ်ကာမပုဂ္ဂိုလ်တို့သည်။ မိမိတို့ရသင့်ရထိုက် သောသီလတို့ကို။ ခရုသင်းပွတ်သစ်။ပုလဲနှစ်အသွင်၊ဖြူစင်သန့် ရှင်းစေပြီးမှ။ကြောင့်ကြကြီးဆယ်ပါးတို့ကို ပယ်ရှားငြိမ်းချမ်း စေ၍။ ကမ္မဋ္ဌာန်းပေးတတ်သောဆရာမြတ်ထံချဉ်းကပ်လျက်။ မိမိတို့၏စရိုက်အားလျော်သော၊လေးဆယ်သောကမ္မဋ္ဌာန်းတို့ တွင်အမှတ်မရှိတခုခုသောကမ္မဋ္ဌာန်းကိုယူ၍။ သမာဓိဘာဝနာ အားမလျော်ပတ်သော၊တဆဲ့ရှစ်ပါးသောအပြစ်ရှိသော အရိပ် အာဝါသကိုပယ်၍။လျောက်ပတ်သောအပြစ်ကင်းသောအရိပ် အာဝါသ၌ နေသဖြင့်။ ကြောင့်ကြငယ်များကိုလည်း ပယ်ရှား သုတ်သင်ပြီးမှ။အလုံးစုံဘာဝနာပွါးသောနည်းကိုမယုတ်စေမူ ၍။ မိမိတို့ဆောင်ယူအပ်သော ကမ္မဋ္ဌာန်း၏ အာရုံဖြစ်သော က သိုဏ်း ပရိကမ္မနိမိတ်ကိုအာရုံပြု၍။ ပထဝီပထဝီ။ အာပေါ အာ ပေါအစရှိသဖြင့်စီးဖြန်း၏။ ထိုသို့စီးဖြန်းခြင်းသည်ပရိကမ္မဘာ ဝနာမည်၏။ မိမိတို့စီးဖြန်းအပ်သောအာရုံသည် ပရိကမ္မနိမိတ် မည်၏။ ထိုပရိကမ္မနိမိတ်ကိုအာရုံပြု၍။ အဘန်တလဲလဲ စီးဖြန်း သောယောဂီပုဂ္ဂိုလ်အား။ မျက်စိဖြင့်မြင်သကဲ့သို့ မနောဒွါရ၌ လွန်စွာထင်အံ့။ ထိုသို့ထင်သောအာရုံသည်ဥဂ္ဂဟနိမိတ်မည်၏။ ထိုဥဂ္ဂဟနိမိတ်ကိုအာရုံပြု၍ မနောဒွါရဖြင့် အဘန်တလဲလဲစီး ဖြန်းသောယောဂီပုဂ္ဂိုလ်အား။ထိုဥဂ္ဂဟနိမိတ်၏အထူးဖြစ်သော ကောင်းကင်ပြင်ဝယ် တင်၍ထားအပ်သော ပတ္တမြား ယပ်ဝန်း ကဲ့သို့၎င်း။ အဒိမ်မှထုတ်သစ်စဖြစ်သော ကြေးမုံ ပြင်ကဲ့သို့ ၎င်း။ထိုဥဂ္ဂဟနိမိတ်ထက်သန့်ရှင်းစင်ကြယ်စွာထင်သော။ ပရ မတ္ထသဘောမှလွတ်သောအာရုံသည် ပဋိဘာဂနိမိတ်မည်၏။

ထိုပဋိဘာဂ နိမိတ် ဖြစ်သည်မှစ၍ ဂေါတြဘူ ဖြစ်သည်တိုင်အောင်။ ပထဝီပထဝီ။ အာပေါအာပေါစသည်ဖြင့် စီးဖြန်းခြင်းသည်။ဥပစာရဘာဝနာမည်၏။

ထိုသို့ပထဝီပထဝီ။ အာပေါအာပေါစသည်ဖြင့် စီးဖြန်းဘန်များ၍။ဈာန်ကိုရလတ္တံ့သောတိဟိတ်ကာမပုဂ္ဂိုလ်အား။ ဘဝင်နှစ်ကြိမ်ကို လည်စေ၍။ ပညတ်ပဋိ ဘာဂ နိမိတ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းတကြိမ်။ ထို့နောင် ပုဂ္ဂိုလ်သည် မန္ဒပညာဖြစ်၍ပုထုဇဉ်သေက္ခဖြစ်အံ့၊ မဟာကုသိုလ်။ရဟန္တာဖြစ်အံ့၊ မဟာကြိယာ။ပဌမဈာန်အစ။စတုတ္ထဈာန်တိုင်အောင်။ပဥ္စမဇွေတို့တွင်တခုခုသည်။ပဥ္စမဈာန်ဖြစ်အံ့။ တတိယဇွေတို့တွင်တခုခုသည်၊ပရိကံ၊ဥပစာ၊ အနုလုံ၊ဂေါတြဘူဟုလေးကြိမ်။တိက္ခပညာဖြစ်အံ့။ဥပစာ၊အနုလုံ၊ဂေါတြဘူဟုသုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ချုပ်ကုန်၏။ ထို့နောင် ပညတ်ပဋိဘာဂနိမိတ်ကိုအာရုံပြု၍။ တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်။ မန္ဒပညာပုဂ္ဂိုလ်အားငါးကြိမ်မြောက်။ ရူပါဝစရကုသိုလ်ဈာန်စိတ်သည်ပုထုဇဉ်သေက္ခအား။ ကြိယာဈာန်စိတ်သည်ရဟန္တာအား။ အာဒိကမ္မိကဖြစ်၍တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ချုပ်၏။ထို့နောင်ဘဝင်ကိုလည်စေ၏။ ။ထို့နောင်မိမိတို့ရအပ်သောဈာန်၏အင်္ဂါတို့ကိုဆင်ခြင်ခြင်းဟုဆိုအပ်သောပစ္စဝေက္ခနာဝီထိ။ ။ဝင်စားခြင်းဟုဆိုအပ်သောသမာပတ္တိဝီထိတို့သည်ဖြစ်ကုန်၏။ ။ဤနည်းကိုအမှီပြု၍။အရူပအပ္ပနာသမာဓိဇောတို့ကိုလည်းသိလေ။

## ဤကားသမာဓိအရာဝယ်ယထာရဟာ
## နိဒ္ဒေသကထာတည်း။

——o——

နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားသုံးပါးတို့တွင်။သီလသမာဓိတရားနှစ်ပါးတို့၏အခြားမဲ့၌ ပြဆိုအပ်သောပညာသည်။ ပဘေဒအားဖြင့် များသောအပြား ရှိငြား သော်

လည်း။ ဤအရာ၌လောကုတ္တရာမဂ်ပညာကိုသာလျှင်ထင်စွာပြအပ်၏။ ။ထိုလောကုတ္တရာမဂ်ပညာကို ကောင်းစွာ ပွါးများလိုသောအမျိုးကောင်းသားတို့သည်။ခန္ဓာ၊အာယတန၊ ဓာတ်၊သစ္စာ၊ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊ပဋိစ္စသမုပ္ပါဒ်အစရှိကုန်သော။ ထိုပညာ၏တည်ရာ ဘူမိဖြစ်သောတရားတို့၌ ဉာဏ်၏ လေ့လာကျက်စားပွါးများခြင်းကို ပြုပြီးမှ။ မူလဘူတဖြစ်သော။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှစ်ပါးကို၎င်း။ သရီရပမာ။ ကိုယ်ခန္ဓာနှင့်တူသော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော ငါးပါးသောဝိသုဒ္ဓိတို့ကို၎င်း။ပြည့်စုံစေအပ်၏။

ထိုခုနစ်ပါးသောဝိသုဒ္ဓိတို့တွင်။လူရှင်ရဟန်းတို့အားမိမိတို့ရသင့်ရထိုက်သောသီလတို့ကို အောက်၌ ပြဆိုအပ်ပြီးသောနည်းဖြင့်။ ခရသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖြူစင်သန့်ရှင်းစေခြင်းသည်သီလဝိသုဒ္ဓိမည်၏။

သမာဓိအရာ၌ပြဆိုအပ်ခဲ့ပြီးသော။ဥပစာရသမာဓိ၊အပ္ပနာသမာဓိနှစ်ပါးသည်စိတ္တဝိသုဒ္ဓိမည်၏။

နာမ်ရုပ်နှစ်ပါးတို့ကို။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၏အစွမ်းအားဖြင့် သိမ်းဆည်းဆင်ခြင်သော ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ထိုနာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သောအားဖြင့်။ ကာလသုံးပါးတို့၌ ယုံမှားခြင်းကိုလွန်မြောက်၍တည်သောဉာဏ်သည်ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ထိုသို့ သိမ်းဆည်းဆင်ခြင်အပ်ပြီးသော။ အကြောင်းနှင့်တကွဖြစ်ကုန်သော။ အတိတ် အနာဂတ် အားဖြင့် ပြားကုန်သောတေဘူမိကသင်္ခါရတရားတို့၌ခန္ဓာဘွဲ့စည်း၍။ ။ဃူဒံမေရူပံအတီတာနာဂတပစ္စုပ္ပန္နံအဇ္ဈတ္တံဝါဗဟိဒ္ဓံဝါ ဩဠာရိကံဝါ သုခုမံဝါဟီနံဝါပဏီတံဝါယံဒူရေသန္တိကေဝါခယဋ္ဌေနဝယဋ္ဌေနအနိစ္စံ။ ဘယဋ္ဌေနပီဠနဋ္ဌေနဒုက္ခံ။ အသာရကဋ္ဌေန အနိဿ

ရဓ္မေန အဝသဝတ္တနဓ္မေန အနတ္တာ။ ။စသည်ဖြင့်ဆင်ခြင်သုံး
သပ်သောသမ္မသနဉာဏ်ကိုဖြစ်စေပြီးမှ။ ထိုသင်္ခါရတရားတို့
၌ပင်လျှင်။ ။အဝိဇ္ဇာသမုဒယာရူပသမုဒယော။ တဏှာသမု
ဒယာရူပသမုဒယော။ ကမ္မသမုဒယာရူပသမုဒယော။အာဟာ
ရသမုဒယာ ရူပသမုဒယော။ ။အဝိဇ္ဇာနိရောဓာ ရူပနိရော
ဓော။ တဏှာနိရောဓာ ရူပနိရောဓော။ ကမ္မနိရောဓာ ရူပနိရော
ဓော။ အာဟာရနိရောဓာ ရူပနိရောဓော။ ။စသည်ဖြင့်။ ဖြစ်
ခြင်း ပျက်ခြင်းတို့ကို ဥဒယဗ္ဗယ ဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်
သော ယောဂါဝစရပုဂ္ဂိုလ်အား။ ။ဩဘာသေ သင်္ခါရပဿဒ္ဓိ၊ အဓိ
မောက္ခော စ ပဂ္ဂဟော။ သုခံဉာဏမုပဋ္ဌာနံ၊ ဥပေက္ခာ စ နိကန္တိ
စ။ ။ဟူသောပါဌ်နှင့်အညီ။ ကိုယ်မှထွက်သော အရောင်အ
လင်းဟုဆိုအပ်သောဩဘာသ။ထိုဝိပဿနာစိတ်နှင့်တကွဖြစ်
သောနှစ်သက်ခြင်းဟုဆိုအပ်သောပီတိ။ ကိုယ်စိတ်တို့၏ ပူပန်
ခြင်းကိုငြိမ်းစေခြင်းလက္ခဏာရှိသော ပဿဒ္ဓိ။အားကြီးစွာယုံ
ကြည်ခြင်းဟုဆိုအပ်သော အဓိမောက္ခ။ သမ္ပယုတ်ကိုချီးမြှောက်ပြီး
စေတတ်သောဝီရိယဟု ဆိုအပ်သောပဂ္ဂဟ။ ချမ်းသာခြင်းဟု
ဆိုအပ်သောသုခ။ လက္ခဏာရေးသုံးပါးကိုရှုမြင်တတ်သော
ဉာဏ။ အာရုံ၌မြဲစွာတည်သော သတိဟုဆိုအပ်သောဥပဋ္ဌာန။
သမ္ပယုတ်တရားတို့ကို အညီအညွတ်ဖြစ်စေတတ်သောတတြ
မဇ္ဈတ္တုပေက္ခာဟုဆိုအပ်သော ဥပေက္ခာ။ ဤဩဘာသ အစရှိ
သော ကိုးပါးတို့၌။ ခင်မင်တွယ်တာ သာယာ နှစ်သက်သော။
တဏှာဟုဆိုအပ်သောနိကန္တိ။ ။ဤဆယ်ပါးသောတရားတို့
ဖြစ်ကုန်လတ်သော်။ ဤထူးမြတ်သောတရားတို့သည် ငါ့အား
ရှေး၌ မဖြစ်ဘူးလေစွတကား။ ငါသည်စင်စစ်အားဖြင့် မဂ်တ
ရား၊ဖိုလ်တရားတို့သို့ ရောက်ပြီတကားဟု။မဂ်မဟုတ်သည်ကို
မဂ်ဟုမယူမှု၍။ဤဩဘာသစသောတရားတို့သည်။တဏှာမာ
နဒိဋ္ဌိတို့၏ တည်ရာအာရုံ၏ အဖြစ်ကြောင့်။ စင်စစ်မဂ်မဟုတ်
ချေ။ဝိပဿနာ၏ ညစ်ညူးကြောင်း တရားတို့သာတည်း။ ထိုဝိ

ပဿနာ၏ ညစ်ညူးကြောင်းတရားတို့မှ လွတ်သော။ ခရီးမှန်ဖြစ်သော ဝိပဿနာဉာဏ်သည်သာလျှင်။ သစ္စာလေးပါး တရားတို့ကိုသိခြင်း၏အကြောင်းခရီး မဂ်ပေတည်းဟု။ မဂ်ဟုတ်သည် မဟုတ်သည်ဒ္ဓ သိသော ဉာဏ်သည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

မေမမ။ငါ၏။အတိတာနာဂတပစ္စုပ္ပန္နံ။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော။ ယံရူပံဝါ။ အကြင် ရုပ်သည်၎င်း။ အဇ္ဈတ္တံ။ ကိုယ်သန္တာန်တွင်းသွင်း၍ယူအပ်သော။ ယံရူပံဝါ။ အကြင်ရုပ်သည်၎င်း။ဗဟိဒ္ဓ။ကိုယ်သန္တာန်မှ အပဖြစ်သော။ယံရူပံဝါ။ အကြင်ရုပ်သည်၎င်း။ဩဠာရိကံ။ရုန့်ရင်းကြမ်းထမ်းသော။ယံရူပံဝါ။အကြင်ရုပ်သည်၎င်း။ သုခုမံ။ သိမ်မွေ့သော။ ယံရူပံဝါ။အကြင်ရုပ်သည်၎င်း။ ဟီနံ။ ယုတ်သော။ ယံရူ ပံဝါ။ အကြင်ရုပ်သည်၎င်း။ပဏီတံ။မြတ်သော။ယံရူပံဝါ။ အကြင်ရုပ်သည်၎င်း။ ဒူရေ။ သုခုမသဘောကြောင့်ဝေးသည်ဟု သရုတ်အပ်သော။ ယံရူပံဝါ။အကြင်ရုပ်သည်၎င်း။သန္တိကေ။ ဩဠာရိကသဘောကြောင့် နီးသည်ဟု သရုတ်အပ်သော။ ယံရူပံဝါ။အကြင်ရုပ်သည်၎င်း။ အတ္ထိ။ထင်ရှားပကတိရှိ၏။ ဣဒံရူပံ။ဤရုပ်အပေါင်းသည်။ခယဋ္ဌေန။ရေ့နှယ်ခန်းခြောက်။ကုန်ပျောက်တတ်သောသဘောကြောင့်။ဝယဋ္ဌေန။ကွဲပြိုပြုန်းတီး။ ပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စံ။ အတည်မစွဲ။ အမြဲမရှိ။ ဘယဋ္ဌေန။ ခြသေ့်သစ်ကျား၊ သားရဲမျှော့နှယ်၊ ကြောက်မက်ဘွယ်လိ။ဘေးအတိဖြစ်သောသဘောကြောင့်။ပီဠနဋ္ဌေန။ရန်သူ့ပမာ။အခါမလပ်။ နှိပ်စက်တတ်သောသဘောကြောင့်။ ဒုက္ခံ။ ပူဆာလှိုက်လှဲ့။ လွန်ဆင်းရဲ၏။ အသာရကဋ္ဌေန။အနှစ်မပါ။ အကာအတိ။ ဆွေးမြည့်ပုပ်သိုးတတ်သော သဘောကြောင့်။ အနိဿရဋ္ဌေန။အာဏာတန်းခိုးအစိုးမရသောသဘောကြောင့်။အဝသဝတ္တနဋ္ဌေန။မိမိလိုရပ်မလိုက်တတ်သောသဘောကြောင့်။အနတ္တာ။

ငါဟုသမုတ် ကိုယ်မဟုတ်ကုန်။ ။ဤကားပဌမပါဠိ၏ယောဇနာ။ ။

အဝိဇ္ဇာသမုဒယာ။ အဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့်။ ရူပ သမုဒယော။ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဏှာသမုဒယာ။တဏှာ၏ဖြစ်ခြင်းကြောင့်။ရူပသမုဒယော။ ရုပ်၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။ ကမ္မသမုဒယာ။ကံ၏ ဖြစ်ခြင်းကြောင့်။ ရူပသမုဒယော။ရုပ်၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။ အာဟာရသမုဒယာ။အာဟာရ၏ ဖြစ်ခြင်းကြောင့်။ ရူပသမုဒယော။ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ။ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ။အဝိဇ္ဇာ၏ချုပ်ခြင်းကြောင့်။ရူပနိရောဓော။ ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ။ဖြစ်၏။တဏှာနိရောဓာ။ တဏှာ၏ချုပ်ခြင်းကြောင့်။ ရူပနိရောဓော။ ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ။ဖြစ်၏။ ကမ္မနိရောဓာ။ ကံ၏ချုပ်ခြင်းကြောင့်။ရူပနိရောဓော။ရုပ်၏ချုပ်ခြင်းသည်။ဟောတိ။ဖြစ်၏။ အာဟာရနိရောဓာ။ အာဟာရ၏ချုပ်ခြင်းကြောင့်။ ရူပနိရောဓော။ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ။ဤကားဒုတိယပါဠိ၏ယောဇနာ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံပြီးသောပုဂ္ဂိုလ်သည်။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံစေခြင်းငှာ။ ဥဒယဗ္ဗယဉာဏ်မှစ၍။အနုလောမဉာဏ်တိုင်အောင်။လက္ခဏာယာဉ်သုံးပါးကိုဝိပဿနာအဆင့်ဆင့်အားဖြင့်ပွားရာ၏။ ။ပွားနည်းကား။ ။ ဥဒယဗ္ဗယဉာဏ်ပွါးနည်းကိုရှေး၌ပြအပ်ပြီ။ ထိုဥဒယဗ္ဗယဉာဏ်ဖြင့်ဖြစ်ခြင်း၊ ပျက်ခြင်းကိုသိမြင်ပြီးသောယောဂီပုဂ္ဂိုလ်သည်။ ထိုခန္ဓာစသည်တို့၌ဖြစ်ခြင်းကိုလွှတ်၍။ပျက်ခြင်းကိုသာအဘန်တလဲလဲ ရှုသဖြင့်။ ။ဇာမေ မေ ပဉ္စက္ခန္ဓာဓမ္မာ ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ။တေမေပဉ္စက္ခန္ဓါဓမ္မါအပရိဏာယကါနိသဿာမိကဝသဘာဝါ။ခယဋ္ဌေနဝယဋ္ဌေနအနိစ္စာ။ဘယဋ္ဌေနပီဠနဋ္ဌေနဒုက္ခာ။အသာရကဋ္ဌေနအနိဿရဋ္ဌေနအဝသဝတ္တနဋ္ဌေနအနတ္တာ။ ။

စသည်ဖြင့်။ စီးဖြန်းဆင်ခြင်။ ပျက်ခြင်းကိုမြင်သောဉါဏ်သည်။ ဘင်္ဂဉာဏ်မည်၏။

မေမမ။ ငါ၏။ ပဉ္စက္ခန္ဓါ၊ ခန္ဓါငါးပါးဟုဆိုအပ်ကုန်သော။ ဣမေ ဓမ္မာ။ ဤရုပ်နာမ်တရားတို့သည်။ ဥပ္ပဇ္ဇိတွာ။ ဖြစ်၍။ နိရုဇ္ဈန္တိ။ ချုပ်တတ်ကုန်၏။ မေမမ။ ငါ၏။ ပဉ္စက္ခန္ဓာ။ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။ တေဓမ္မာ။ ထိုရုပ်နာမ်တရားတို့သည်။ အပရိဏာယကာ။ ဦးဆောင်ဦးစီး ဘန်တီးတတ်သောသူတို့ ဘန်ဆင်းအပ်သည်လည်းမဟုတ်ကုန်။ နိဿတ္တနိဇ္ဇီဝသဘာဝါ။ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်။ တေဓမ္မာ။ ထိုခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။ ခယဋ္ဌေန။ ဋ်ရ့နှယ်ခန်းခြောက်။ ကုန်ပျောံတတ်သောသဘောကြောင့်။ ဝယဋ္ဌေန။ ပြိုကွဲပြုန်းတီး။ ပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စါ။ အတည်မတွဲ။ အမြဲမရှိကုန်။ ဘယဋ္ဌေန။ ခြင်္သေ့သစ်ကျား။ သားရဲများနှယ်။ ကြောက်မက်ဘွယ်လိ။ ဘေးအတိဖြစ်သောကြောင့်။ ပီဠနဋ္ဌေန။ ရန်သူ့ပမာ။ အခါမလပ်။ နှိပ်စက်တတ်သောသဘောကြောင့်။ ဒုက္ခာ။ ပူဆာလှိုက်လှဲ။ ဆင်းရဲကုန်၏။ အသာရကဋ္ဌေန။ အနှစ်မပါ။ အကာအတိ။ ဆွေးမြည့်တတ်သောသဘောကြောင့်။ အနိဿရဋ္ဌေန။ အာဏာတန်းခိုး။ အစိုးမရသောသဘောကြောင့်။ အဝသဝတ္တနဋ္ဌေန။ မိမိသိုရပ်။ မလိုက်တတ်သောသဘောကြောင့်။ အနတ္တာ။ ငါဟုသရုပ်၊ ကိုယ်မဟုတ်ကုန်။ ။ဤကားယောဇနာ။ ။

ဘင်္ဂဉာဏ်ကိုရပြီးသောယောဂီပုဂ္ဂိုလ်အား။ အသက်မသေရှည်မြင့်စွါနေလိုသောသူသည်။ ခြင်္သေ့သစ်ကျားသားရဲတို့နှင့်တွေ့ကြုံသောအခါ။ ကြောက်မက်ဘွယ်လိ။ ဘေးအတိသာဟုမှတ်ထင်သကဲ့သို့။ ထိုတေဘူမိက သင်္ခါရ တရားတို့၏ ခဏတိုင်းခဏတိုင်းချုပ်သည်ပျက်သည်ကိုသာမြင်သဖြင့်။ ကြောက်မက်ဘွယ်လိ။ ဘေးအတိ သာဟု အာရုံပြု၍။ ။ဣမေသံမမခန္ဓာနံဥပ္ပါဒေါဘယံ။ ပဝတ္တံဘယံ။ နိမိတ္တံဘယံ။ အာယူဟနံဘယံ။ နိဗ္ဗတ္တိဘယံ။ ပဋိသန္ဓိဘယံ။ တေမမပဉ္စက္ခန္ဓာဓမ္မာခယဋ္ဌေန

ဝယဋ္ဌေနအနိစ္စာ။ ဘယဋ္ဌေနပီဠနဋ္ဌေနဒုက္ခာ။ အသာရကဋ္ဌေန အနိသာရဋ္ဌေန အဝသဝတ္တနဋ္ဌေနအနတ္တာ။ ။စသည်ဖြင့်စီးဖြန်းဆင်ခြင်။ ဘေးကြီးဟုထင်သောဉာဏ်သည် ဘယဉာဏ်မည်၏။

မမ။ ငါ၏။ဣမေသံခန္ဓာနံ။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ဥပ္ပာဒေါ။ရှေးဦးမဆွ။ ပဌမဖြစ်ရခြင်းသည်။ ဘယံ။ ဘေးကြီးအတိ။ ကြောက်ဘွယ် ရှိ၏။ ပဝတ္တံ။ ခဏမပြတ် အထပ်ဆပ် ဖြစ်ရခြင်း သည်။ ဘယံ။ ဘေးကြီး အတိ၊ ကြောက်ဘွယ်ရှိ၏။ နိမိတ္တံ။ ဖြစ်ကြောင်းအများ သင်္ခါရတရား သည်။ ဘယံ။ ဘေးကြီး အတိ ကြောက်ဘွယ်ရှိ၏။ အာယူဟနံ။အသစ် အားထုတ် ပြုလုပ်ရခြင်းသည်။ ဘယံ။ ဘေးကြီး အတိ ကြောက်ဘွယ်ရှိ၏။နိဗ္ဗတ္တိ။ဘဝအထူးပြောင်းကူးရခြင်းသည်။ ဘယံ။ဘေးကြီးအတိကြောက်ဘွယ်ရှိ၏။ ပဋိသန္ဓိ၊ ဘဝနှစ်ပါး။ အကြားမဇာပ်။ စပ်သောအားဖြင့်ဖြစ်ရခြင်းသည်။ ဘယံ။ဘေးကြီးအတိ။ကြောက်ဘွယ်ရှိ၏။မမ။ငါ၏။ ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ တေဓမ္မာ။ ထိုရုပ်နာမ်တရားတို့သည်။ ခယဋ္ဌေန။ ရှေ့နှယ်ခန်းခြောက်ကုန်ပျောက်တတ်သောသဘောကြောင့်။ဝယဋ္ဌေန။ ပြိုကွဲပြုန်းတီးပျက်စီးတတ်သော သဘောကြောင့်။ အနိစ္စာ။အတည်မစွဲအမြဲမရှိကုန်။ ဘယဋ္ဌေန။ခြသေ့သစ်ကျား။သားရဲများနှယ်။ ကြောက်မက်ဘွယ်လိ။ ဘေးအတိဖြစ်သောကြောင့်။ပီဠနဋ္ဌေန။ ရန်သူ့ပမာ၊ အခါမလပ်၊ နှိပ်စက်တတ်သောသဘောကြောင့်။ဒုက္ခါ။ ပူဆာလှိုက်လှဲ။ဆင်းရဲကုန်၏။အသာရကဋ္ဌေန။ အနှစ်မပါ၊ အကာအတိ၊ ဆွေးမြည့်တတ်သောသဘောကြောင့်။အနိသာရဋ္ဌေန။အာဏာတန်းခိုး၊ အစိုးမရသောသဘောကြောင့်။အဝသဝတ္တနဋ္ဌေန၊မိမိလိုရပ်မလိုက်တတ်သော သဘောကြောင့်။အနတ္တာ။ ငါဟုသမုတ်၊ ကိုယ်မဟုတ်ကုန်။ ။ဤကားယောဇနာ။ ။

ထိုဘယဉာဏ်ကိုရပြီးသောယောဂီပုဂ္ဂိုလ်သည်။ တေဘူ

မိကာသင်္ခါရတရားတို့၌ ဘေးအတိသာ မြင်၍။ ဆင်းရဲခြင်းမှ ထုတ်ဆောင်တတ်သောတာဏာသဘောကိုဋင်း။ ပုန်းကွယ်ရာ လေဏာသဘောကိုဋင်း။မှီခိုသဖြင့်။လါးရာဂတိသဘောကိုဋင်း။ ဘေးမှလွတ်ကြောင်းလည်းလျှောင်းရာပဋိသရဏာသဘောကို ဋင်းမထင်မမြင်ကုန်။ ထိုသင်္ခါရတရားတို့ကို တောင့်တသော ပတ္ထနာသည့်ဋင်း။ ငါ-ငါ၏ကိုယ်ဟုစွဲလမ်းခြင်း ပရာမာသတ ရားသည့်ဋင်း။ မရှိပြီဖြစ်၍။ ဘဝသုံးပါးတို့သည်။ ရဲရဲညီးသော မီးကျီးစုဖြင့်ပြည့်သောမီးကျီးကွင်းတို့ကဲ့သို့ဋင်း။ခန္ဓာငါးမါးတို့ သည်။ သတ်အံ့ဟုချီအပ်သော့သန်လျက်လက်၌ရှိသော ရန်သူ ကဲ့သို့ဋင်း။တေဘူမိကာသင်္ခါရတရားတို့သည်အိုင်းအမာ အနာ ရောဂါ၊ ပြောင့်တံသင်း ကဲ့သို့ဋင်း ထင်ကုန်သည် ဖြစ်၍၊ ထို သင်္ခါရတရားတို့ကိုအပြစ်ဟုရှုသဖြင့်။ ။ဏ္ဍမေသံမမခန္ဓာနံ ဥပ္ပါဒေါသာမိသံ၊ အနုပ္ပါဒေါနိရာမိသံ။ ။ဏ္ဍမေသံမမခန္ဓာနံပ ဝတ္တံသာမိသံ၊အပ္ပဝတ္တံနိရာမိသံ။ ။စသည်ဖြင့်စီးဖြန်းဆင်ခြင်။ အပြစ်ဟုမြင်သောဉာဏ်သည်အာဒီနဝဉာဏ်မည်၏။

မမ။ငါ၏။ဏ္ဍမေသံခန္ဓာနံ။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့ ၏။ဥပ္ပါဒေါ။ရှေးဦးမဆွပဋ္ဌမဖြစ်ရခြင်းသည်။သာမိသံ။ မရဏာ မင်း၊ ခြိသွင်းလှောင်ထား၊ ဝက်များပမာ၊ စားဘွယ်ရာသည်။ ဟောတိ။ဖြစ်၏။အနုပ္ပါဒေါ။ဥပါဒ်လွတ်ကင်း၊မဖြစ်ခြင်းသည်။ နိရာမိသံ။သေမင်း၏စားဘွယ်ရာအစာမဟုတ်သည်။ဟောတိ။ ဖြစ်၏။ ။မမ။ငါ၏။ဏ္ဍမေသံခန္ဓာနံ။ ဤခန္ဓာငါးပါးရုပ်နာမ်တ ရားတို့၏။ပဝတ္တံ။အခါမလပ်။အထပ်ထပ်ဖြစ်ရခြင်းသည်။ သာ မိသံ။မရဏာမင်း၊ခြိသွင်းလှောင်ထား၊ဝက်များပမာ၊ စားဘွယ် ရာသည်။ဟောတိ။ဖြစ်၏။အပ္ပဝတ္တံ။ဥပါဒ်လွတ်ကင်း။မဖြစ်ခြင်း သည်။ နိရာမိသံ။ သေမင်း၏စားဘွယ်ရာ အစာမဟုတ်သည်။ ဟောတိ။ဖြစ်၏။ ။ဤကားယောဇနာ။

ထိုအာဒီနဝဉာဏ်ကိုရပြီးသောယောဂီပုဂ္ဂိုလ်သည်။တေ ဘူမိက သင်္ခါရ တရား တို့ကို အပြစ်ဟု ရှုသဖြင့်။ စိတ္တကူဋ

တောင်ခြေ၌ ပျော်ပါးသောရွှေဟင်္သာမင်းသည်။ခွန်းစဏ္ဍားတို့၏ရွာတံခါးအနီး။ စက်ဆုပ် ရွံရှာဘွယ်မစင်ကြွယ်သော အိုင်ကြီး၌မမွေ့လျော်ဘဲ။အိုင်ကြီးခုနစ်အိုင်တို့၌သာမွေ့လျော်ပျော်ပါးသကဲ့သို့ငှင်း။ ရွှေချိုင့်၌ထားအပ်သော၊သားများသေ၍နင်း။ခြင်္သေ့မင်းသည်။ထိုရွှေချိုင့်အတွင်း မွေ့လျော်ခြင်းမရှိဘဲ။ယူဇနာသုံးထောင်။ အပြောဆောင်သော။ ဟေမဝန္တာတော၌သာလျှင်မွေ့လျော် ပျော်ပါး သကဲ့သို့ငှင်း။ ကိုယ်လုံး ကျွတ် ဆွတ်ဆွတ်ဖြူသော။ခုနစ်ပါးသောထိခြင်းရှိသော။ တန်းခိုးနှင့်ပြည့်စုံသဖြင့်ကောင်းကင်သို့ပျံသွားနိုင်သော ဆဒ္ဒန်ဆင်မင်းသည်။မြို့တွင်းမြို့လယ်တို့၌မမွေ့လျော်ဘဲ။ဟိမဝန္တာဆဒ္ဒန်အိုင်၌သာမွေ့လျော်ပျော်ပါးသကဲ့သို့ငှင်း။ တောဘုမိက သင်္ခါရတရားတို့ကိုအပြစ်ဟုရှုပြီးသောယောဂီပုဂ္ဂိုလ်သည်။ ထိုတောဘုမိကသင်္ခါရတရားတို့၌မမွေ့လျော်ဘဲ။ခုနစ်ပါးသောအနုပဿနာဉာဏ်။သုံးပါးသောအနုပဿနာဉာဏ်။ အနုပ္ပါဒေါခေမံ။စသည်ဖြင့်ရှုသောသန္တိပဒဉာဏ်တို့၌ သာ မွေ့လျော်သည် ဖြစ်၍။ သင်္ခါရတရားတို့ကို ငြီးငွေ့ဘွယ်ဟု အာရုံပြုလျက်။ ။ဍာမေသံမမခန္ဓါနံဘိန္ဒနံနာမေတံအဟောဝတနိဗ္ဗာနံ။အဟောဝတဓေဂုန္တံ။အဟောဝတပဋိကူလံ။ အဟောဝတအနာလယံ။ ။စသည်ဖြင့်စီးဖြန်းဆင်ခြင်။ ငြီးငွေ့ဘွယ်ဟု မြင်သော ဉာဏ်သည်နိဗ္ဗိဒါဉာဏ်မည်၏။

မမ။ငါ၏။ဍာမေသံခန္ဓါနံ။ဤခန္ဓါငါးပါးရုပ်နာမ်တရားတို့၏။ဧတံဘိန္ဒနံနာမ။ဤကျန်ပျောက်ပြုန်းတီးပျက်စီးခြင်းမည်သည်။အဟောဝတနိဗ္ဗာနံ။ဩြော်သင်္ခါရနယ်ဝင်၊ဘုံတခွင်မှ၊ ရွှင်ပျော်မမွေ့၊ငြီးငွေ့လေစွတကား။အဟောဝတဓေဂုန္တံ။ဩြော်-ခွေးသေသရုပ်၊ အကောင်ပုပ်ကဲ့သို့၊ စက်ဆုပ်ဘွယ် ရှိလေစွ တကား။ အဟောဝတပဋိကူလံ။ ဩြော်-မစင် မကြွယ်၊ ဘင်ပုပ်နှယ်သို့၊ ရွံရှာဘွယ်ရှိလေစွ တကား။ အဟောဝတအနာလယံ။

ဩြဘ်–ချစ်ချစ်ကြင်ကြင်၊ ခင်မင်တွယ်တာ၊ သာယာဘွယ်မရှိ
လေစွတကား။ ။ဤကားယောဇနာ။

ဤဆိုအပ်ပြီးသော ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်
တို့သည်။သဘောတရားကိုယ်အားဖြင့် ထူးခြားကွဲပြားသည်
မဟုတ်ကုန်။ဘေးဟုရှုခြင်းသဘော ရှိသော ဘယဉာဏ်ချည်း
သာတည်း၊ သဒ္ဒါမျှသာလျှင် ဒ္ဒထူး ထင်ကုန်၏။ ထို့ကြောင့်
ဝိသုဒ္ဓိမဂ်အဋ္ဌကထာဝိပဿနာဉာဏ်အဘွင့်၌။ ။တမ္ပနေတံ
ပုရိမေနဉာဏဒွယေနအတ္ထတော်ဧကံ။ ။ဟူ၍မိန့်အပ်လေပြီ။ ။
တမ္ပနေတံတမ္ပနဧတံဉာဏံ။ ထိုနိဗ္ဗိဒါဉာဏ်သည်။ ပုရိမေန။
ရှေးဖြစ်သော။ဉာဏဒွယေန။ ဘယဉာဏ်၊ အာဒီနဝဉာဏ်နှစ်
ပါးနှင့်။အတ္ထတော။အနက်တရားကိုယ်အားဖြင့်။ဧကံ။တူ၏။ ။
ဤကားယောဇနာ။

ထိုဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဗုဒ္ဓဃောသဆရာ၏။ သာဓက
မြွက်။ပါဠိတော်ကား။ ။ယာစဘယတုပဋ္ဌါနေပညာယဉ္စအာဒီ
နဝေဉာဏံယာစနိဗ္ဗိဒါ။ဣမေဓမ္မာဧကတ္ထာ။ဗျဉ္ဇနမေဝနာနံ။ ။
ဟူသည်တည်း။

ဘယတုပဋ္ဌာနေ။ဘေးဟုရှုမြင်ရာ၌။ ယာစပညာ။အကြင်
ဘယဉာဏ်သည်၎င်း။အာဒီနဝေ။အပြစ်ဟုရှုရာ၌။ ယဉ္စဉာဏံ။
အကြင်အာဒီနဝဉာဏ်သည်၎င်း။ ယာစနိဗ္ဗိဒါ။ အကြင်ငြီးငွေ့
ဘွယ်ဟုရှုသောနိဗ္ဗိဒါဉာဏ်သည်၎င်း။ အတ္ထိ။ရှိ၏။ ဣမေဓမ္မာ။
ဤဉာဏ်သုံးပါးတရားတို့သည်။ ဧကတ္ထာ။အနက်သဘောအား
ဖြင့်တူကုန်၏။ဗျဉ္ဇနမေဝ။သဒ္ဒါမျှသည်သာလျှင်။နာနံ။ထူး၏။ ။
ဤကားယောဇနာ။

နိဗ္ဗိဒါဉာဏ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည်။ ငြီးငွေ့
ဘွယ်ဟု နှလုံးပြုသဖြင့်။ သင်္ခါရတရားတို့၌ ကပ်ငြိတွယ်တာ
သာယာခြင်းကင်းသဖြင့်။ပိုက်ကွန်အတွင်းသို့ရောက်သောငါး
သည်ထိုပိုက်ကွန်တွင်းမှလွတ်ခြင်းငှါအလိုရှိသကဲ့သို့၎င်း။မြွေ
၏ခံတွင်းသို့ရောက်သောဘားသူငယ်သည် ထိုမြွေ၏ခံတွင်းမှ

လွတ်ခြင်း၌ါ အလိုရှိသကဲ့သို့ရင်း။ ချိုင့်၏အတွင်း၌သွင်းထား အပ်သော တောမျောက်သည် ထိုချိုင့်တွင်းမှလွတ်ခြင်း၌ါအ လိုရှိသကဲ့သို့ရင်း။မြဲမြံသောကြောင့်ကွင်း၌မိသော့သမင်သည်ထို ကြောင့်ကွင်းမှ လွတ်ခြင်း၌ါအလိုရှိသကဲ့သို့ရင်း။ အလမ္ပါယ်၏ လက်သို့ရောက်သောမြွေဟောက်သည် ထိုအလမ္ပါယ်၏လက် မှလွတ်ထွက်ခြင်း၌ါ အလိုရှိသကဲ့သို့ရင်း။ ညွှန်ပျောင်း၌ကျံနစ် သောဆင်ပြောင်ကြီးသည် ထိုညွှန်ပျောင်းမှလွတ်ခြင်း၌ါအလို ရှိသကဲ့သို့ရင်း။ ဂဠုန်မင်း၏ခံတွင်းသို့ ရောက်သော နဂါးမင်း သည်ထိုဂဠုန်မင်း၏ခံတွင်းမှလွတ်ခြင်း၌ါအလိုရှိသကဲ့သို့ရင်း။ ရာဟုခံတွင်းသို့ရောက်သောလပြည့်ဝန်းသည် ထိုရာဟုခံတွင်း မှလွတ်ခြင်း၌ါ အလိုရှိသကဲ့သို့ရင်း။ ရန်သူတို့ဝန်းရံအပ်သော ယောကျ်ားသည်ထိုရန်သူတို့ဝန်းရံခြင်းမှ လွတ်ခြင်း၌ါအလိုရှိ သကဲ့သို့ရင်း။ အလုံးစုံသောသင်္ခါရတရားတို့မှလွတ်ခြင်း၌ါအ လိုရှိသဖြင့်။ ။ဤမေသံမမခန္ဓါနံဥပ္ပန္နာနံဝါဘိန္နာနံဝါဒုက္ခဒုက္ခံ အတိဒုက္ခံ။တတောကဒါမုဉ္စေယျံ။သာဓုဝတမုဉ္စနံ၊သာဓုဝတ အပဂမနံ၊ သာဓုဝတနိဗ္ဗုတံ။ ။စသည်ဖြင့်စီးဖြန်းဆင်ခြင် ခြင်းကိုပြု၍။ သင်္ခါရ တရားတို့မှ လွတ်ခြင်းကို ရှာရှာသော ဉာဏ်သည်မုစ္စိတုကမျတာဉာဏ်မည်၏။

မမ။ငါ၏။ ဤမေသံခန္ဓာနံ။ ဤခန္ဓါငါးပါးရုပ်နာမ်တရားတို့ ၏။ဥပ္ပန္နာနံဝါ။ပဋိသန္ဓေ၊တည်နေမကောင်း၊ ဖြစ်ရခြင်းသည်ရင်း။ ဘိန္နာနံဝါ။သမ္မုတိခဏ၊ မရဏမကောင်း၊ ပျက်စီးခြင်းသည်ရင်း။ ဒုက္ခဒုက္ခံ၊အဖုံဖုံအနဲနဲ။ဆင်းရဲလေစွတကား။ အတိဒုက္ခံ။အလွန် အကဲဆင်းရဲလေစွတကား။ တတော။ ထိုဆင်းရဲကြီးငယ်။ အ သွယ်သွယ်တို့မှ။ကဒါ။အဘယ်အခါ၌။ အဟံ။ငါသည်။ မုဉ္စေ ယျံ။သံသရာဝဋ်၊ကင်းစင်ကျွတ်၍၊ လွတ်ရပါအံ့နည်း။ မုဉ္စနံ။ သံသရာဝဋ် ကျွတ်လွတ်ရခြင်းသည်။ သာဓု ဝတ။ သာယာ ညွှတ်ပျောင်း။ ကောင်းလေစွတကား။ အပဂမနံ။ စွန့်ပစ်ပယ် ရှား။ ဘဲသွားရခြင်းသည်။ သာဓုဝတ။ သာယာညွှတ် ပျောင်း

ကောင်းလေစွ တကား။ နိဗ္ဗုတံ။ ဒုက္ခခပ်သိမ်း။ ကင်းငြိမ်းရ
ခြင်းသည်။ သာရဝတ။ သာယာညွတ်ပျောင်း ကောင်းလေစွ
တကား။ ။ဤကားယောဇနာ။

မုစ္စိတုကမျတာ ဉာဏ်ကို ရသဖြင့်။ သင်္ခါရတရား တို့မှ
လွတ်ခြင်းငှာ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည်။ ထိုသင်္ခါရ
တရားတို့မှလွတ်စေခြင်းအကျိုးငှာ။ပဋိသင်္ခါနုပဿနာဉာဏ်
ဖြင့်သင်္ခါရတရားတို့ကိုပင်လက္ခဏာယာဉ်သုံးပါးသို့တင်၍။ ။
ဣမေမေပဉ္စက္ခန္ဓာဓမ္မာအနိစ္စန္တိကတောအနိစ္စာ။ တာဝကာလိ
ကတောအနိစ္စာ။ပလောကတောအနိစ္စာ။ ဝိပရိဏာမဓမ္မတော
အနိစ္စာ။ ။ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ အဘိဏှပဋိပီဠနတော
ဒုက္ခာ။ဘယတောဒုက္ခာ။ဇာတိဓမ္မတောဒုက္ခာ။ ဇရာဓမ္မတော
ဒုက္ခာ။ ဗျာဓိဓမ္မတော ဒုက္ခာ။ ။ဣမေမေပဉ္စက္ခန္ဓာဓမ္မာ ရိတ္တ
တောအနတ္တာ။တုစ္ဆတောအနတ္တာ။ သုညတောအနတ္တာ။ ။စ
သည်ဖြင့်။သင်္ခါရတရားတို့မှလွတ်မြောက်ခြင်း၏ အကြောင်း
ကိုပြည့်စုံစေခြင်းငှါ ကောင်းစွာ သိမ်းဆည်းလျက်။ သင်္ခါရ
တရားတို့ကို၊နိစ္စ၊သုခ၊အတ္တဟု တဘန်မထင်နိုင်အောင် ရှုဆင်
ခြင်သောဉာဏ်သည်။ပဋိသင်္ခါနုပဿနာဉာဏ်မည်၏။

ဤအရာ၌ ဥပမာဖြင့်ထင်စွာပြဦးအံ့။ ငါးဖြင့် အလိုရှိ သော
ယောကျ်ားသည်။ ငါးတို့ကို ဘမ်း ယူအံ့ဟု ဆောင်းကို ကိုင်
လျက်ရေ၌ချ၍။ ဆောင်းဝ ဆောင်း ဘေ့ဖြင့် လက်ကိုသွင်း၍။
ရေ၏အတွင်း၌ရှာဖွေလေသော် မြွေဟောက်ကို လည်၌ကိုင်
မိ၍။ ငါသည်ငါးကိုဘမ်းမိပြီဟု ဝမ်းမြောက်ဝမ်းသာထုတ်ယူ
ကာကြည့်လတ်လေလျှင်။ လည်ရေးသုံးဆင့်ကို မြင်သဖြင့်မြွေ
ဟောက်ဟုသိ၍ ပြင်းစွာကြောက်ရွံ့ခြင်းဖြစ်လေ၏။ အပြစ်ကို
မြင်သဖြင့်လည်း ကိုင်ခြင်းငှါအလိုမရှိ။ စက်ဆုပ်ငြီးငွေ့၍လွှတ်
လိုသောကြောင့်။ လွှတ်ခြင်း၏အကြောင်းကို စုံစမ်းဆင်ခြင် စိ
ရင်လိုရကား။မြီးဖျားဘက်မှစ၍လက်ကိုဖြေပြီးလျှင်။ လက်ရုံး

ကိုမြှောက်လျက်။မြွေကိုဦးခေါင်းထက်၌ နှစ်ကြိမ်သုံးကြိမ်နှိပ်စက်ကြိတ်နယ် အားငယ် အောင်ပြုပြီးမှ။ မြွေကိုလွှတ်လျက်။ ထက်မြက် လျင်မြန်သောအဟုန်ဖြင့်ကန့်ပေါင်ရိုးသို့တက်၍။ ငါနှင့်တူစွာ၊ငါးကိုရှာသည့်၊တံငါယောကျ်ား၊ အိုလူများတို့။ ကြီးစွာသော မြွေဟောက်ဘေးမှ။ ကင်းဝေး လွှန်မြောက် ခဲ့ပြီတကားဟုပြောကြားမြည်တမ်းလျက်။ ပြေးခဲ့သောလမ်းကိုကြည့်၍တည်လေ၏။ ။ဤဥပမာ၌။ ငါးရှာသော ယောကျ်ားသည်မြွေဟောက်၏လည်ကိုကိုင်မိသဖြင့် ငါးကိုရပြီဟုဝမ်းမြောက်သကဲ့သို့။ယောဂီပုဂ္ဂိုလ်၏ အတ္တဘောကိုရ၍ ဝမ်းမြောက်ခြင်းကိုမှတ်။ ရေကမြှောက်၍ဆော့ခေါင်းပေါက်ဆောင်းဘွေ့မှထုတ်မိလျှင် လည်ရေးသုံးဆင့်ကိုမြင်သကဲ့သို့။ ယောဂီပုဂ္ဂိုလ်အားအပေါင်း အစည်းမပျက်၊ တခဲနက်ကို၊ ခွဲဖျက် ဝေဘန်မိလျှင်။ သင်္ခါရ တရား၌ လက္ခဏာယာဉ်သုံးပါး ထင်မြင်သည် ကိုမှတ်။ ပြင်းစွာ ကြောက် ရွံ့သော အခါ ကဲ့သို့ ဘယ ဉာဏ်ဖြစ်သည်ကိုမှတ်။ အပြစ်ကို မြင်သကဲ့သို့ အာဒီနဝဉာဏ်ဖြစ်သည်ကို မှတ်။ မြွေကိုကိုင် ခြင်း၌ အလိုမရှိ။ ငြီးငွေ့ ဘိသကဲ့သို့နိဗ္ဗိဒါနုပဿနာ ဉာဏ်ကိုမှတ်။ မြွေကိုလွှတ်လိုသကဲ့သို့၊ မုစ္စိတုကမျတာ ညာဏ် ကို မှတ်။ လွှတ် ခြင်း၏အကြောင်းကိုပြု သကဲ့သို့။ ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြင့်။ သင်္ခါရတို့၌ လက္ခဏာ ယာဉ်သုံးပါးတင်သည်ကိုမှတ်။ ။ဤဥပမာ ဥပမေယျပာပ်ရာအဖြာဖြာတို့တွင်။ နောက်ဆုံးဖြစ်သော အချက်သာလျှင် ဤအရာ၌ ကောင်းစွာ ပြလိုရင်း ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ။ ငါးရှာသောယောကျ်ားသည်။ မြွေကိုလက်ဖြင့်နှိပ်နယ်အားငယ်စေ၍။တဘန်ပြန်လှန်ကိုက်ခဲခြင်း၌မစွမ်းနိုင်အောင်ပြုသကဲ့သို့။ ယောဂီပုဂ္ဂိုလ်သည်။ လက္ခဏာယာဉ် သုံးပါးတင်သဖြင့်။ သင်္ခါရတရားတို့ကို ဘိစီးနှိပ်နယ် အားငယ်စေပြီးမှ။ တဘန်နိစ္စ၊သုခ၊ အတ္တဟူသော အခြင်းအရာဖြင့်ထင်ခြင်း၌မစွမ်းနိုင်သော အဖြစ်သို့ရောက်အောင်ပြု၍ ရှုဆင်ခြင်

သော ဥာဏ်ကို ပဋိသမ္ဘိဒါ နုပဿနာဉာဏ်ဟု၊ ပြလိုသော ကြောင့်တည်း။

မေ။ငါ၏။ပဥ္စက္ခန္ဓာ။ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ဣမေ ဓမ္မာ။ဤရုပ်နာမ်တရားတို့သည်။အနိစ္စန္တိ ကတော။ဘောက်ပြန် ပြိုကွဲမမြဲခြင်းလျှင် အသုံးရှိသောကြောင့်။အနိစ္စာ။ အနိစ္စမည် ကုန်၏။တာဝကာလိကတော။တခဏမျှ၊ ထာဝရမဟုတ်သော ကြောင့်။အနိစ္စာ။ အနိစ္စမည်ကုန်၏။ ပလောကတော။ဘောက် ပြန်ပြုန်းတီး ပျက်စီးတတ်သော ကြောင့်။ အနိစ္စာ။ အနိစ္စမည် ကုန်၏။ ဝိပရိဏာမဓမ္မတော။ ဘောက်ပြန်မကောင်း၊ ချွတ်ယွင်း တတ်သေါသဘောကြောင့်။အနိစ္စာ။အနိစ္စမည်ကုန်၏။ ။မေ။ ငါ၏။ပဥ္စက္ခန္ဓာ။ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ဣမေဓမ္မာ။ဤ ရုပ်နာမ်တရားတို့သည်။အဘိဏှပဋိပီဠနတော။ မပြတ်မလပ်၊ နှိပ်စက် တတ်သောကြောင့်။ ဒုက္ခာ။ ဒုက္ခမည်ကုန်၏။ ဘယ တော။ ခြသေ့ သစ်ကျား၊ သားရဲတစေ၊ ဘေးဖြစ် လေသော ကြောင့်။ဒုက္ခာ။ ဒုက္ခ မည်ကုန်၏။ ဇာတိဓမ္မတော။ ပဋိသန္ဓေ တည်နေရခြင်းမကောင်းသောသဘောကြောင့်။ဒုက္ခာ။ဒုက္ခမည် ကုန်၏။ ဇရာဓမ္မတော။ချွတ်လွဲယွင်းယိုအိုတတ်သောသဘော ကြောင့်။ ဒုက္ခာ။ဒုက္ခမည်ကုန်၏။ ဗျာဓိဓမ္မတော။မချမ်းမသာ ဖျားနာရသေါသဘောကြောင့်။ဒုက္ခာ။ဒုက္ခမည်ကုန်၏။ ။မေ။ ငါ၏။ပဥ္စက္ခန္ဓာ။ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ဣမေဓမ္မာ။ဤ ရုပ်နာမ်တရားတို့သည်။ရိတ္တတော။အကျိုးမပြီးအချည်းနှီး၏အ ဖြစ်ကြောင့်။အနတ္တာ။အနတ္တမည်ကုန်၏။တုစ္ဆတော။တစုံတခု မျှရှာမရသေါကြောင့်။အနတ္တာ။အနတ္တမည်ကုန်၏။သုညတော။ ချမ်းသာဝိသိဋ္ဌ၊အမြဲဆိတ်သောကြောင့်။အနတ္တာ။ အနတ္တမည် ကုန်၏။ ။ဤကားယောဇနာ။ ။

ပဋိသမ္ဘိဒါနုပဿနာဉာဏ်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ် သည်။ထိုမိမိရသောဉာဏ်ဖြင့်။ တေဘူမိကသင်္ခါရတရားတို့ ၏အချည်းနှီးသော၊ အတ္တတည်းဟူသော အနှစ်သာရမှ ဆိတ်

သောအဖြစ်ကိုအာရုံပြု၍။ ။သဗ္ဗေသင်္ခါရာသုညာ။ ။သဗ္ဗေ။ ခပ်သိမ်းကုန်သော။ သင်္ခါရာ။သင်္ခါရတရားတို့သည်။သုညာ။ အတ္တတည်းဟူသော အနှစ်သာရမှ ဆိတ်ကုန်၏ဟူ၍။ ရှေးဦး စွာစီးဖြန်းပြီးမှ။ ။သုညမိဒံအတ္တေနဝါ အတ္တနိယေနဝါ။ ။ ဣဒံ။ဤခန္ဓာငါးပါးသင်္ခါရတရားသည်။ အတ္တေနဝါ။ ငါဟု ဆို အပ်သောအတ္တသဘောမှဧရင်း။အတ္တနိယေနဝါ။ငါ၏သား၊ ငါ၏ သမီး၊ ငါ၏ပစ္စည်းစသောအတ္တနိယ သဘောမှဧရင်း။သုညံ။ ဆိတ် ၏။ ။ဤသို့ဒွိကောဋိကသုညတာနည်းအားဖြင့်၊အတ္တ၊အတ္တနိယ တို့မှဆိတ်အောင်စီးဖြန်းဆင်ခြင်ရာ၏။ ထို့နောင်မှ။ ။နာဟံ ကွစနိ။ ကဿစိကိဉ္စနတသ္မိံ နစမမ ကွစနိ။ ကိသ္မိဉ္စိ ကိဉ္စနံ အတ္ထိ။ ။အဟံ။ငါသည်။ကွစနိ။တစုံတခုသောအရာ၌။အတ္တာနံ။ မိမိကိုယ်ကို။ နပဿတိ။ မမြင်။အတ္တာနော။ မိမိ၏။အတ္တာနံ။မိမိ ကိုယ်ကို။ကဿစိ။တစုံတယောက်သောသူ၏။ ကိဉ္စနတသ္မိံ။ တစုံတခုကြောင့်ကြအပ်သောအဖြစ်၌။ နပဿတိ။မမြင်။ကွစ နိ။ တစုံတယောက်သော သူ၏။ အတ္တာနံ။ မိမိကိုယ်ကို။ ကွစိ ကတ္ထစိ။တစုံတခုသောအရပ်၌။ နပဿတိ။မမြင်။ပရဿ။ သူ တပါး၏။အတ္တာ။ ကိုယ်သည်။ မမ။ ငါ၏။ ကိသ္မိဉ္စိကိဉ္စနဘာ ဝေ။ တစုံတခုကြောင့်ကြအပ်သောအဖြစ်၌။ အတ္ထိ။ရှိ၏။ဣတိ။ ဤသို့။နပဿတိ။မမြင်။ ။ဤသို့စတုကောဋိကသုညတာနည်း အားဖြင့်။အတ္တ၊အတ္တနိယ၊ပရ၊ ပရပဋိဗဒ္ဓတို့မှ ဆိတ်အောင်စီး ဖြန်းဆင်ခြင် အပ်၏။ ။မိမိကိုယ်(၁)။ မိမိနှင့် စပ်သော သူ တပါးကိုယ် (၂)။ သူတပါးကိုယ်( ၃ )။ သူတပါးနှင့်စပ်သော မိမိကိုယ် (၄)။ ဤလေးပါးမှဆိတ်အောင်စီးဖြန်းသောနည်းကို စတုကောဋိကသုညတနည်းဟုမှတ်။

ထို့နောင်မှ။ ။စက္ခုံသုညံအတ္တေနဝါအတ္တနိယေနဝါနိစ္စေ နဝါ ဓုဝေနဝါ သဿတေနဝါ အဝိပရိဏာမ ဓမ္မေနဝါ။ ။ သောတံ၊ဃာနံစသည်ဖြင့်။ ခြောက်ပါးသောအခြင်းအရာတို့မှ ဆိတ်သော။ဆဟာကာရနည်းအားဖြင့်စီးဖြန်းရာ၏။

စက္ခု။စက္ခုပသာဒသည်။ အဖွေနဝါ။မိမိကိုယ်ဟူသော အတ္တသဘောမှဧင်း။အတ္တနိယေနဝါ။ ငါ၏သား၊ငါ၏သမီး၊ ငါ၏ ပစ္စည်းစသောအတ္တနိယသဘောမှဧင်း။နိစ္စေနဝါ။ မပျိုမကွဲမြဲ သော အဖြစ်မှဧင်း။ ဓုဝေနဝါ။ မပြောင်းမရွေ့ မရွေ့သောသ ဘောမှဧင်း။သဿတေနဝါ။ အစဉ်မပြတ်အခါခပ်သိမ်းတည် သောအဖြစ်မှဧင်း။အဝိပရိဏာမဓမ္မေနဝါ။ မဖောက်မပြန်သော သဘောမှဧင်း။သုညံ။ဆိတ်၏။ ။ဤကားယောဇနာ။

ထို့နောင်မှ။ ရှစ်ပါးသောအခြင်းအရာ။ ဆယ်ပါးသောအခြ ခြင်းအရာ။တဆဲ့နှစ်ပါးသောအခြင်းအရာ။ နှစ်ဆဲ့လေးပါးသော အခြင်းအရာတို့မှဆိတ်သောနည်းအားဖြင့်စီးဖြန်းဆင်ခြင်ရာ၏။ ဤသို့သင်္ခါရတရားတို့ကိုသုညအားဖြင့်စီးဖြန်းဆင်ခြင်ရှုမြင်ပြီး မှ။ လက္ခဏာယာဉ်သုံးပါးသို့တင်၍ သိမ်းဆည်းသော ပုဂ္ဂိုလ် အား။ ထိုသင်္ခါရတရားတို့၌ကြောက်ခြင်း၊ နှစ်သက်ခြင်းကိုပယ် ၍။ငါ၊ ငါ၏ဥစ္စာဟုမယူဘဲ။ စွန့်လွှတ်အပ်သောမယားရှိသော ယောကျ်ားကဲ့သို့။လျစ်လျူရှုသောစိတ်ရှိ၏။

ထိုစကားကိုထင်ရှားပြပေအံ့။တဦးသောယောကျ်ားသည်။ ချစ်ခင်စုံမက်နှစ်သက်မြတ်နိုးဘွယ်အရွယ်အဆင်းကောင်းခြင်း နှင့်ပြည့်စုံသော ခင်ပွန်းကိုရ၍။ တခဏမျှခွဲခွါ၍နေခြင်းငှာ မ တတ်ကောင်း။ စား၊ သောက်၊ သွား၊ လာ၊ အခါခပ်သိမ်းတို့၌။ အ တူတကွသာသွားလာစားသောက်နေထိုင်ကြ၏။အခါတပါးသူ တခြားနှင့်။တရားယွင်းကွက်။အမှုပျက်သည်ကိုသိ၍။ ကွာရှင်း ပယ်ရှား။စွန့်ပစ်ထားပြီးသော်။သူတပါးတို့နှင့်ဆက်ဆံ၍။ဘော ပြန်ချွတ်ယွင်း။ တရားကင်းသည်ကို သိသော်လည်း။ချစ်ခြင်း။ မုန်းခြင်း၊ နှလုံးမသာပူဆာစိုးရိမ်ခြင်းကင်း၍။ ကြောင့်ကြခြင်းမ ပြု။ လျစ်လျူရှုသကဲ့သို့။ယောဂီပုဂ္ဂိုလ်၏၊ ငါ၊ ငါ၏ဥစ္စာမဟုတ် တကားဟု။ စွန့်ပစ် ပယ်ရှား ထားသော သင်္ခါရ တရားတို့၌။ ကြောက်ခြင်း၊ နှစ်သက်ခြင်းကိုမပြု။လျစ်လျူရှုသည်ကိုမှတ်။

ထိုသို့လျစ်လျူရှုသောစိတ်ရှိသောယောဂီပုဂ္ဂိုလ်အား။အလုံး

စုံသော ဘဝ၊ယောနိ၊ဂတိတို့၌။ မီး၌ချအပ်သောကြက်တောင်ကဲ့သို့ တွန့်သော စိတ်ရှိ၍။ လျစ်လျူရှုအပ်သော အဖြစ်သည်ရင်း။ စက်ဆုပ်ရွံရှာ ဘွယ်သော အဖြစ်သည်ရင်းထင်၍။ ထိုသို့ထင်သောအခါ။သင်္ခါရတရားတို့ကိုလျစ်လျူရှုသောသင်္ခါရုပေက္ခာဉာဏ်ဖြစ်သည်မည်၍။ ထိုသင်္ခါရုပေက္ခာဉာဏ်သည်ရင့်သန်ခြင်းသို့ရောက်သဖြင့်။ ဂေါတြဘူကိစ္စတပ်၍နိဗ္ဗာန်ကိုမြင်အံ့။သင်္ခါရတရားတို့ကိုလွှတ်၍အာရုံပြုသောအားဖြင့်နိဗ္ဗာန်သို့ပြေးဝင်၍။ အကယ်၍ နိဗ္ဗာန်ကိုမမြင်သည် ဖြစ်အံ့။သင်္ခါရတရားတို့ကိုပင် တဖန်အာရုံပြု၍ဖြစ်၍။ ။ဤအရာ၌ ဥပမာကို ထုတ်ဆောင်ပြအပ်၍။ သမုဒ္ဒရာခရီးလမ်းကို။ ကူးသန်းရောင်းဝယ်ကုန်သွယ်လိုသောသူတို့သည်။လှေသင်္ဘောသို့တက်ကြသောအခါ။ ဒိသာကာက အမည်ရသော ကျီးကိုဘမ်းဆီးယူငင်တင်ဆောင်သွားကြကုန်၍။အကြင်အခါပြင်းစွာလေတိုက်ခတ်သဖြင့်။ အရပ်တပါး။ တိုင်းတခြားသို့ရောက်၍။ ကမ်းလမ်းမထင်။ ရှုမမြင်သော်။ ထိုဒိသာကာကကျီးကိုလွှတ်ကြကုန်၍။ ထိုကျီးသည် လင်းယဉ်းတိုင်ဖျားနားနေပြီးလျှင်အထက်ကောင်းကင်သို့တက်၍။ ရှစ်မျက်နှာရပ်လှည့်ပတ်ပျံသွားလေရာ။ ကမ်းကိုမြင်သည်ဖြစ်အံ့။ ထိုကမ်းရှိရာသို့ဖျေးရှုပျံလေ၍။ အကယ်၍ပင်ကမ်းမမြင်သည်ဖြစ်အံ့။ လင်းယဉ်းတိုင်ဖျား၌တဘန်ပြန်၍နားနေရသကဲ့သို့တည်း။

ဤဒိသာကာကဥပမာကို။ အဘိဓမ္မတ္ထဝိဘာဝနီမည်သော ဋီကာကျမ်း၌ကား၊ ပဋိသင်္ခါနုပဿနာ ဉာဏ်၌ ထုတ်ဆောင်တော်မူအပ်၍။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး၌မူကား၊ သင်္ခါရုပေက္ခာဉာဏ်၌ထုတ်ဆောင်တော်မူအပ်၍။

မိမိရပြီးသော သင်္ခါရုပေက္ခာဉာဏ်ကို။အဘန်တလဲလဲမှီဝဲပွါးများသောယောဂီပုဂ္ဂိုလ်အား သဒ္ဓါတရားသည် အားကြီးသောအဖြစ်သို့ရောက်၍။ဝိရိယသည်လွန်စွာချီးမြှောက်၍။ သတိတရားသည် ကောင်းစွာထင်၍။ စိတ်သည်လွန်စွာတည်

ကြည့်၏။ သင်္ခါရုပေက္ခာဥာဏ်သည်ထက် သန်ရင့်မာခြင်းသို့ ရောက်၏။ ယခုအခါငါ့အားမဂ်တရားသည်ဖြစ်တော့လတ္တံ့ဟု သင်္ခါရတရားတို့ကို အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊အနတ္တဟူ၍ ၎င်း။ စီးဖြန်းဆင်ခြင်ဘန်များလတ်သော်။မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည်။ဘဝင်စလန၊ဘဝင်ုပစ္ဆေဒဟု။ဘဝင်ကိစ္စနှစ် ကြိမ်ဖြစ်၍ ချုပ်၏။ထို့နောင်သင်္ခါရတရားတို့ကို၊အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုအာရုံပြုလျက်၊ မနောဒွါရာဝဇ္ဇန်းတကြိမ်။ ထို့နောင် သင်္ခါရတရားတို့ကို အာရုံပြု၍။ မဟာကုသိုလ်ပဌမစေ့တို့တွင် တခုခုသည်ပရိကံဇောကိစ္စတကြိမ်။ဥပစာရဇောကိစ္စတကြိမ်။ အနုလုံဇောကိစ္စတကြိမ်ဖြစ်၏။ ဤသုံးကြိမ်သောဇောတို့သည် ရှေ့ဖြစ်သောဝိပဿနာဉာဏ်အား၎င်း။ နောက်ဖြစ်သောဗောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါးတို့အား၎င်းလျော်သောကြောင့် အနုလောမဟုခေါ်သတည်း။ ထိုအနုလောမဇောဉ္စရှိသောဥာဏ် သည်အနုလောမဥာဏ်မည်၏။

ဤသို့ဥဒယဗ္ဗယဥာဏ်မှစ၍။ အနုလောမဥာဏ်တိုင်အောင် ပွါးသော ယောဂီပုဂ္ဂိုလ်၏ မဂ်ရကြောင်း အကျင့်ဖြစ်သော ဥာဏ်သည်။ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိမည်၏။

ထိုအနုလုံဇော၏အခြားမဲ့၌။နိဗ္ဗါန်ကိုသါအာရုံပြု၍။ပုထုဇဉ် အနွယ်ကိုဖြတ်၍အရိယာအနွယ်ကို ပွါးစေတတ်သောမဂ်စိတ် ၏အနန္တရသမနန္တရပစ္စည်းဖြစ်၍ဖြစ်သော်။ဝိပဿနာ၏အထွတ် အထိပ်ဖြစ်သော။တဘန်ပြန်၍မလည်နိုင်သောဇောစိတ်သည်။ ဂေါတြဘူဇောကိစ္စ တကြိမ်ဖြစ်၍ချုပ်၏။ ထိုဂေါတြဘူဇော ၌ရှိသောဥာဏ်သည် ဂေါတြဘူဥာဏ်မည်၏။ ။ထိုဂေါတြ ဘူဥာဏ်သည်မဂ်၏အာဝဇ္ဇန်းအရာ၌တည်သောကြောင့်။ ပဋိ ပဒါဥာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်။ ဥာဏဒဿန ဝိသုဒ္ဓိသို့ လည်းမဝင်။ ထိုဝိသုဒ္ဓိ နှစ်ပါးတို့၏ အကြား ဖြစ်ခြင်း ကြောင့် အဗ္ဗောဟာရိကဖြစ်၏။ ဝိပဿနာအလျဉ်၌ ကျသောကြောင့်၊ ဝိပဿနာဇောဟူ၍ကားခေါ်အပ်၏။ ။ထိုဂေါတြဘူဇော၏

အခြားမဲ့၌။ သောတာပတ္တိ မဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံ ပြုလျက်။ ရှေး၌မပေါက်ခွဲဘူးသော၊ လောဘ၊ ဒေါသ၊ မောဟအစုကိုပေါက်ခွဲ၍။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း။ သမုဒယသစ္စာကိုပယ်ခြင်း။ နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း။ မဂ္ဂသစ္စာကိုပွားစေခြင်း တည်းဟူသော မဂ်ကိစ္စ လေးပါးတို့ကို တပြိုင်နက်တချက်တည်း ပြီးစေလျက်။ တကြိမ်သာဇောကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် သောတာပတ္တိမဂ်စေတနာသည်ဖြစ်စေအပ်သော သောတာပတ္တိဖိုလ်စိတ်သည် ဇောကိစ္စနှစ်ကြိမ်သုံးကြိမ်ဖြစ်၍ချုပ်၏။ ထိုတကြိမ်ဖြစ်သော သောတာပတ္တိမဂ်စိတ်သည်။ အလုံးစုံသောအပါယ်တံခါးကိုပိတ်၍။ ခုနစ်ပါးကုန်သောအရိယဥစ္စာတို့၏မျက်မှောက်အဖြစ်ကိုလည်းပြု၏။ ဤမှတပါး များစွာကုန်သော အကျိုးအာနိသင်တို့ကိုလည်း ရစေတတ်၏။ ထိုသောတာပတ္တိမဂ်၌တည်သောဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်၏။ ။ထိုသောတာပတ္တိမဂ်ဖိုလ်ကိုရပြီးသော သောတာပန်ပုဂ္ဂိုလ်သည်။ အထက်မဂ် အထက်ဖိုလ်ကိုရခြင်းငှါ။ တေဘူမိက သင်္ခါရ တရားတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်၍ ရှုဆင်ခြင် လတ်သော်။ ထိုအထက် မဂ်အထက် ဖိုလ်တို့သည်။ ဘဝခြား၍ သော်၎င်း။ ဘဝမခြားဘဲ သော်၎င်း ဖြစ်ကုန်၏။ ထိုအထက်မဂ်သုံးပါး၌ ရှိသောဉာဏ်သည်။ သကဒါဂါမိမဂ္ဂ။ အနာဂါမိမဂ္ဂ။ အရဟတ္တ မဂ္ဂဉာဏ်မည်၏။ ဤမဂ်ဉာဏ်လေးပါးသည် ဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။ ။ဤပြဆိုအပ်ပြီးသောဝိသုဒ္ဓိခုနစ်ပါးတို့ကိုပြည့်စုံစေခြင်းသည်ပင်လျှင် မဂ်ပညာကို ပွါးသည်မည်၏။ အောက်၌ညွှန်ခဲ့သော လောကုတ္တရာသမာဓိကိုလည်းပွါးသည်မည်၏။

ဤကားပညာဝယ်ယထာရဟာနိဒ္ဒေသကထာတည်း။

---

ဤသီလ၊ သမာဓိ၊ ပညာ၊ သုံးဖြာသောတရားတို့ကို။ ပွါးများကုံလုံပြည့်စုံစေသောယောဂီပုဂ္ဂိုလ်သည်။ အရဟတ္တမဂ်ကိုရ

သည်နှင့်တပြိုင်နက်။ အနမတဂ်။ သံသာစက်၌။ လွတ်ရက်မ ထင်။ပူပင်ထိန်ညီး။ အရှိန်ကြီးသော။မီးဆဲ့တတန်။သံယောဇဉ် ဆယ်ဖြာ။ကိလေသာဆယ်ထပ်။ရစ်ပတ်ထွေးရှုပ်။ အချုပ် အ နှောင် တရားတို့ကို။ အရဟတ္တမဂ်ဉာဏ် သန်လျက်ထားဖြင့်။ ပယ်ရှားသုတ်သင်။ချတ်ထွင်သန့်ရှင်း။ လင်းစေပြီးမှ။ သဉပါဒိ သေသ။အမတကြဌန်း။နိဗ္ဗာန်နန်းကို။စံမြန်းခိုလှုံသဖြင့်။လောက သုံးတိုက်။သျှောင်မကိုန်ုဖြင့်။ဦးခိုက်ပူဇော်ရာ။ မဟာခီဏာသ ဝ။အနုတ္တရခေတ်။ ရဟန္တာအဖြစ်သို့။ စင်စစ်ရောက်တော်မူ သတည်း။

ဂင်္ဂါဝါလု။သဲစုမက။ ပွင့်ကြွအများ။ရှေးဘုရားတို့နှင့်။ ကြွ သွားနိဗ္ဗာန်။ဝင်စံခိုအောင်း။တပည့်ပေါင်းတို့သည်လည်း။လမ်း ကြောင်းမပြား။ ဤတရားဖြင့်။ကြွသွားနိဗ္ဗာန်။နန်းသိဝံသို့။ ဝင်စံ တော်မူကြကုန်၏။

ဤကားနိဂမကထာတည်း။

---

ယခုအခါ။သာသနာ၌။ ကြုံကြိုက်တော်စွာလှ။ဒုလ္လဘကို။ ရကြ ကုန်သော အမျိုးကောင်း သားတို့သည်လည်း။ လှည်းယာဉ်- လှေယာဉ်။မြင်း-ဆင်-ရထား။ ခြေလျင်အားဖြင့်။မသွားမပေါက် မရောက်နိုင်ရာ။ သမာစာရ။သီလကျင့်မြတ်။ ပဋိပတ်ဖြင့်သာ။ ကောင်းစွာ ထုတ်ချောက်။ ရောက်ပေါက်နိုင်သော။ နိဗ္ဗာန်ဘုံ နန်း။ခရီးလမ်းသည်။ ဘေးဘျမ်းမနှော။တောကြီးမဝင်။ လမ်း စဉ်မပျောက်။ စခန်းထောက်မကာင်း။ ရှင်းလင်းသာယာ။ သွား လွယ်သောအခါ၌။ သဒ္ဓါသတိ။ ဝိရိယမပေါ့။ စိတ်မလျှော့ဘဲ။ အားဆဲကြိုးစားသွားရောက်ကုန်ရာသည်။

ဤကားဩဝါဒကထာတည်း။